# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကပ်ငြိစိတ်မရှိသူ**

နိဗ္ဗာန်ကို အားကြီးစွာ လိုလားသည်ဖြစ်၍ စိတ်ဖြင့် တွေ့ထိကာ ကာမဘုံတို့၌ ကပ်ငြိစိတ်မရှိသူကို အထက် အကနိဋ္ဌာဘုံသို့ အစဉ်အတိုင်း သွားမည့်သူဟု ဆိုအပ်၏။

ပိဋကတ်(ဓမ္မပဒ-၂၁၈)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက် | ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁၈ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၃၁၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## (၇) ကြိမ်မြောက် တရုတ် - တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်-သွင်းကုန် ကုန်စည်ပြပွဲ ဒုတိယနေ့တွင် မြန်မာနိုင်ငံမှ ပါဝင်ပြသ

နေပြည်တော် ဩဂုတ် ၁၇

(၇) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်-သွင်းကုန်ကုန်စည်ပြပွဲ ဒုတိယနေ့ကို ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဆက်လက်ကျင်းပပြီး မြန်မာနိုင်ငံပြခန်းဆောင်၌ ယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေခဲ့ရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

မြန်မာနိုင်ငံပြခန်းဆောင်၏ ကုန်စည်ပြခန်းတွင် ပြသထားသည့် မြန်မာနိုင်ငံ၏ အထင်ကရခရီးသွားနေရာများ၊ မြန်မာ့ထုတ်ကုန်ပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လက်ကမ်းစာစောင်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ လက်ကမ်းစာစောင်များကို ပြပွဲသို့လာရောက်သူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

အဆိုပါကုန်စည်ပြပွဲကို ဩဂုတ် ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ နေ့စဉ်ပါဝင်ပြသသွားမည်ဖြစ်ကြောင်းနှင့် မြန်မာပြခန်းဆောင်သို့ လာရောက်ကြည့်ရှုသူများက သိလိုသည်များကို မေးမြန်းရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်း အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်

နေပြည်တော် ဩဂုတ် ၁၇

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၇-၈-၂၀၂၃

| | | | | |
|---|---|---|---|---|
| ဟိုင်းကြီးကျွန်းမြို့ | ၇ | ဒသမ | ၃၂ | လက်မ |
| ထီးလင်းမြို့ | ၆ | ဒသမ | ၁၆ | လက်မ |
| ကျိုက်မရောမြို့ | ၅ | ဒသမ | ၃၁ | လက်မ |
| ထားဝယ်မြို့ | ၄ | ဒသမ | ၃၇ | လက်မ |
| ငပုတောမြို့ | ၄ | ဒသမ | ၂၅ | လက်မ |
| သထုံမြို့ | ၃ | ဒသမ | ၅၁ | လက်မ |
| ဘားအံမြို့ | ၂ | ဒသမ | ၉၅ | လက်မ |
| မော်လမြိုင်မြို့ | ၂ | ဒသမ | ၇၉ | လက်မ |
| ရမ်းဗြဲမြို့ | ၂ | ဒသမ | ၄၆ | လက်မ |
| ချောင်းဆုံမြို့ | ၂ | ဒသမ | ၄၀ | လက်မ |


ယနေ့ *ဖတ် စ ရာ*

**မာရဝိဇယဗုဒ္ဓဥယျာဉ်တော် (သို့မဟုတ်) စိတ်ကြည်နူးချမ်းမြေ့ဖွယ်ရာဥယျာဉ်တော်** ဆောင်းပါး စာ ၆

**အာဆီယံဒေသတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆု** ဆောင်းပါး စာ ၁၀


## မောင်တောကုန်သွယ်ရေးစခန်း၌ ဩဂုတ် ၁ ရက်မှ ၁၃ ရက်အထိ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၀ ဒသမ ၆၆၇ သန်း ဆောင်ရွက်နိုင်

မောင်တော ဩဂုတ် ၁၇

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဩဂုတ်လလျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၃ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၃ သန်းဖြစ်ပြီး ဩဂုတ် ၁ ရက်မှ ၁၃ ရက် အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၀ ဒသမ ၆၆၇ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၀ ဒသမ ၆၆၇ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၄၃ ဒသမ ၅၉ ဆောင်ရွက်နိုင်ခဲ့သည်။

မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့လျက်ရှိပြီး ဩဂုတ် ၁ ရက်မှ ၁၃ ရက်အထိ တင်ပို့ခဲ့သည့် လယ်ယာထွက်ကုန်ပစ္စည်းမှာ ချင်း (အစို) ၃၃၆ ဒသမ ၂၅ တန်၊ တညင်းသီး တန် ၄၀၊ နနွင်းတက် ငါးတန်၊ ကွမ်းသီး နှစ်တန်၊ ထန်းလျက် ၁ ဒသမ ၅ တန်၊ ရေထွက်ပစ္စည်းမှာ ငါးမြစ်ချင်း ၃၃၀ ဒသမ ၃၁၁ တန်၊

*စာမျက်နှာ ၅ ကော်လံ ၅ ➜*

# နည်းပညာသစ် စားသောက်ကုန်များဖြင့် ပြည်တွင်းပြည်ပ ဈေးကွက်များတွင် နေရာယူ

မြန်မာနိုင်ငံအတွင်းရှိ MSME များအား စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာများ ပြန်လည်ဖြန့်ဝေရေးအစီအစဉ် (၁) အရ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာ ခြောက်မျိုးကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် အထက်မြန်မာပြည် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများမှ သင်တန်းသား သင်တန်းသူများအား စာတွေ့၊ လက်တွေ့ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ စံချိန်စံညွှန်းပြည့်မီ၍ ကျန်းမာရေးနှင့် ညီညွတ်သော တန်ဖိုးမြှင့်စိုက်ပျိုးရေးထုတ်ကုန် အမယ်သစ်များ စနစ်တကျထုတ်လုပ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်သည့် အဆိုပါသင်တန်းသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းဖြင့် မဲခေါင်-လန်ချန်း နိုင်ငံများအချင်းချင်း ဖလှယ်ထားသော နည်းပညာများဖြစ်သည်။

မိမိတို့နိုင်ငံ၏ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများတွင် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများက ရာခိုင်နှုန်းအများဆုံးဖြစ်သော်လည်း တီထွင်ဆန်းသစ်မှု မရှိသလောက်နည်းပါးသည်ဟု မှတ်သားရဖူးသည်။ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံထွက် ကောက်ပဲသီးနှံ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတို့ အမျိုးအမည်များစွာ ထွက်ရှိသော်လည်း ယင်းတို့ကို အခြေခံထုတ်လုပ်သည့် ပြည်တွင်းစားသောက်ကုန်များမှာ ခေတ်နှင့်အညီ တီထွင်ဆန်းသစ်မှု မရှိသည့်အပြင် အချို့ဆိုလျှင် အရည်အသွေးနိမ့်ကျသွားသည်ကိုပင် တွေ့ရသည်။ အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းလာသည့် စိုက်ပျိုးရေးထုတ်ကုန်အခြေခံစားသောက်ကုန်များ၏ အရည်အသွေး၊ အနံ့အရသာနှင့် ဆွဲဆောင်မှုတို့ကို ပြည်တွင်းစားသောက်ကုန်များက ယှဉ်ပြိုင်နိုင်စွမ်းမရှိသည်နှင့်အမျှ ရေရှည်တွင် မရပ်တည်နိုင်တော့သည့် အခြေအနေသို့ ဆိုက်ရောက်မသွားစေရန် လုပ်ငန်းရှင်များက မျက်စိကို ဖွင့် နားကို စွင့်၍ ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာများ ပြန်လည်ဖြန့်ဝေရေး အစီအစဉ် (၁) အရ သင်ကြားပေးခဲ့သည့် နည်းပညာခြောက်မျိုးတို့မှာ ချဉ်ပေါင်ဖူးဖျော်ရည် ထုတ်လုပ်ခြင်းနှင့် ချဉ်ပေါင်ဖူးမှ အခြားထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ သရက်သီးဂျယ်လီဖျော်ရည် ထုတ်လုပ်ခြင်း၊ ပဲနို့ထုတ်လုပ်ပြီး ကျန်သောအနှစ်များမှ ကွတ်ကီးထုတ်လုပ်ခြင်း၊ Freezed – Dried နည်းပညာဖြင့် စိုက်ပျိုးရေးထွက် တန်ဖိုးမြှင့်ထုတ်ကုန်များ ပြုလုပ်ခြင်း၊ Vacuum – Fried နည်းပညာဖြင့် အသီးအနှံအခြောက် ထုတ်ကုန်များ ပြုလုပ်ခြင်းတို့ဖြစ်ရာ မိမိတို့နိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်နေသည့် စိုက်ပျိုးရေး ထွက်ကုန်များနှင့် လွန်စွာအံဝင်ခွင်ကျဖြစ်သည်ကို တွေ့ရသည်။ လက်ရှိ ပြည်တွင်းဈေးကွက်တွင်လည်း အထက်ပါနည်းပညာများဖြင့် ထုတ်လုပ်ပြီး အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းလာသည့် စားစရာများကို ဝယ်ယူစားသုံးနေကြရခြင်းဖြစ်ရာ ပြည်တွင်း၌ စံချိန်စံညွှန်းမီထုတ်လုပ်ပြီး ပြည်တွင်းပြည်ပ ဈေးကွက်များတွင် အောင်မြင်စွာ ထိုးဖောက်နေရာယူနိုင်ရန် ကြိုးပမ်းကြဖို့လိုသည်။

စိုက်ပျိုးရေးထွက်ကုန် အခြေခံစက်မှုကုန်ထုတ်လုပ်ငန်းများ အောင်မြင်မှုရရှိသည်နှင့်အမျှ တစ်ပါတည်းပင် စိုက်ပျိုးရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ မိမိတို့ စိုက်ပျိုးထုတ်လုပ်သည့်ကောက်ပဲသီးနှံ၊ သစ်သီးဝလံများကို ပြည်တွင်း၌ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် ကုန်ကြမ်းအတိုင်း ဈေးအနိမ့်ဖြင့် တင်ပို့ရောင်းချရသည့်ဖြစ်စဉ်များ၊ တစ်ဖက်နိုင်ငံက တင်သွင်းမခံဘဲ ပိတ်ဆို့လိုက်ခြင်းကြောင့် ချောက်ထဲသွန်ခဲ့ရသည့်ဖြစ်စဉ်များ စသည့်အတိတ်က ကြုံခဲ့ရသည့်ဖြစ်ရပ်များသည် ပြည်တွင်း စားသောက်ကုန်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ မဖွံ့ဖြိုးမှုနှင့် ဆက်နွှယ်လျက်ရှိရာ စိုက်ပျိုးရေးထွက်ကုန်များကို တန်ဖိုးမြှင့် ထုတ်ကုန်အမယ်သစ်များ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်နိုင်ခြင်းဖြင့် စိုက်ပျိုးရေးနှင့် စက်မှုတို့ အပြန်အလှန် အကျိုးပြုနိုင်မည်ဖြစ်သည်။

မိမိတို့နိုင်ငံ၏ စားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်းများတွင် အဓိကလိုအပ်ချက်ဖြစ်သော နည်းပညာနှင့် ဆန်းသစ်တီထွင်မှုတို့ကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်ရာ နည်းပညာဆိုင်ရာ တိုးတက်မှုက ကုန်ထုတ်လုပ်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမှုတို့အပေါ် ကောင်းစွာ အထောက်အကူပြုနိုင်မည်ဟု ယုံကြည်သည်။ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ရရှိလာသည့် နည်းပညာနှင့်စိတ်ကူးစိတ်သန်းအသစ်တို့ကို လုံ့လဝီရိယ ကိုယ်အားဉာဏ်အားတို့ စိုက်ထုတ်ကာ လုပ်ငန်းများအောင်မြင်သည်ထက် အောင်မြင်အောင်၊ ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးအောင် အားထုတ်စွမ်းဆောင်ကြရပါမည့်အကြောင်း။ ။



## ၂၀၂၃-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း ကြေညာချက်

၁။ ၂၀၂၃ – ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်တစ်ခုခုသို့ ပထမဦးစားပေး လျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့(အဆင့်မြင့်ပညာဦးစီးဌာန) မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်သို့** ပထမဦးစားပေး လျှောက်ထားသူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသောတက္ကသိုလ် (၂၆) ခုသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့်သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့** ပထမဦးစားပေး လျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါ လျှောက်လွှာလက်ခံမည့်နေရာ(၈)ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန (နေပြည်တော်)
(ခ) ဆေးတက္ကသိုလ်(၁)ရန်ကုန်
(ဂ) ဆေးတက္ကသိုလ်(၂)ရန်ကုန်
(ဃ) ဆေးတက္ကသိုလ်၊မန္တလေး
(င) ဆေးတက္ကသိုလ်၊မကွေး
(စ) ဆေးတက္ကသိုလ်၊တောင်ကြီး
(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
(ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ် ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည် ဖြစ်သဖြင့် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန် စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန် ဖြစ်ပါကြောင်းနှင့် တက္ကသိုလ် ဝင်ခွင့်လျှောက်လွှာစာအိတ်ကို **ဩဂုတ်လ (၂၅) ရက်မှ စက်တင်ဘာ လ (၁၀) ရက်အထိ** စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါ အဝင် (ပိတ်ရက်မရှိ) လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
(၁၇-၈-၂၀၂၃)

## ပြည်ထောင်စုနယ်မြေအတွင်း အခွန်ပညာပေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးအောက်ရှိ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ် စသည့် ငါးမြို့နယ် အခွန်ထမ်းများအား အခွန်ပညာပေး ရှင်းလင်းပွဲကို ဩဂုတ် ၃ ရက်နှင့် ဩဂုတ် ၄ ရက်တို့တွင် ပြည်ထောင်စုနယ်မြေ၊ အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပခဲ့သည်။ **(ယာပုံ)**



အဆိုပါ အခွန်ပညာပေး ရှင်းလင်းပွဲသို့ ပြည်ထောင်စုနယ်မြေအတွင်းရှိ သီရိ ငါးမြို့နယ်မှ စားသောက်ဆိုင်၊ တည်းခိုခန်း/ဟိုတယ်/မိုတယ်နှင့် ရွှေဆိုင်လုပ်ငန်းရှင် စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ပြီး အခွန်ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ပြည်တွင်းအခွန်များ ဦးစီးဌာနသည် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့် အညီ နိုင်ငံတော်မှ ကောက်ခံသော အခွန်အကောက်ရငွေ စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကျော်ကို နှစ်စဉ်ကောက်ခံပေးလျက်ရှိပြီး နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လုံလောက်သည့် ဘဏ္ဍာငွေများ တိုးမြှင့်ရရှိနိုင်ရန်နှင့် လျာထားသည့် အခွန်ငွေများ ပြည့်မီကျော်လွန်စွာ ကောက်ခံ ရရှိနိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်တောင်း၊ သံလွင်နှင့် ချင်းတွင်းမြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၇**

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ပြည်သူများသို့ အသိပေးပန်ကြားခြင်း

- မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် အရေးကြီး/ အရေးပေါ်၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များဖြင့် ပြည်ပသို့ အချိန်မီသွားရောက်ရန် လိုအပ်သူများအတွက် ခိုင်လုံသော အထောက်အထားများနှင့်အတူ Green Channel ဖြင့် စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။
- ပွဲစားများသည် လူမှုကွန်ရက်မီဒီယာပေါ်တွင် အဆမတန် ငွေကြေးများ ပိုမိုတောင်းခံ၍ လိမ်လည်ဆောင်ရွက်ခြင်းများ တွေ့ရှိရ၍ ပြည်သူများအနေဖြင့် လိမ်လည်မှုမခံရစေရေး သတိပြုသွားကြရန် လိုအပ်ပါမည်။
- Green Channel ဖြင့် လျှောက်ထားသူများသည် www.passport.gov.mm website တွင် ကြေညာထားသည့်အတိုင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့၊ ရုံးအမှတ် (၃၈) နေပြည်တော် (ဖုန်း ၀၆၇– ၃၄၁၁၅၈၀) လိပ်မူပြီး လျှောက်ထားနိုင်ကြောင်း အသိပေးပန်ကြားအပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဦးမောင်မောင်အုန်း ကူမင်းမြို့၌ ကျင်းပသည့် GMS စီးပွားရေးစင်္ကြံဆိုင်ရာ အစိုးရတာဝန်ရှိသူများအစည်းအဝေး - ၂၀၂၃ (2023 GMS Economic Corridor Governors Forum)သို့ တက်ရောက်

ကူမင်း ဩဂုတ် ၁၇

GMS စီးပွားရေးစင်္ကြံဆိုင်ရာ အစိုးရတာဝန်ရှိသူများ အစည်းအဝေး – ၂၀၂၃ (2023 GMS Economic Corridor Governors Forum) ကို ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ ယူနန်စီးပွားရေးဌာန ယုလန်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရ၊ အုပ်ချုပ်ရေးမှူးနှင့် တရုတ်နိုင်ငံ စီးပွားရေးရာဝန်ကြီးဌာနမှ ဒုတိယအကြီးအကဲများ အပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဦးမောင်မောင်အုန်း၊ စစ်ကိုင်း၊ ပဲခူး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီးပွားရေးဝန်ကြီးများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံမှ စိုက်ပျိုးမွေးမြူရေး၊ ထုတ်လုပ်ရေး၊ ကုန်သွယ်ရေးနှင့် အထွေထွေအကျိုးဆောင် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှ တာဝန်ရှိသူများ၊ မဲခေါင်ဒေသ သိပ္ပံနှင့် အာရှဒေသဖွံ့ဖြိုးရေးဘဏ် (ADB)မှ တာဝန်ရှိသူများအပြင် တောင်အာရှနိုင်ငံများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### မိန့်ခွန်းပြောကြား

အစည်းအဝေးတွင် တရုတ်နိုင်ငံ စီးပွားရေးရာဝန်ကြီးဌာနမှ ဒုတိယအကြီးအကဲ မစ္စတာ လီဖေး၊ တရုတ်နိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးသံမှူး မစ္စတာ တီကောင်၊ လာအိုနိုင်ငံစက်မှုနှင့်စီးပွားရေးရာဝန်ကြီး ချန်ဆောကနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်တို့က မိန့်ခွန်းပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြောကြားရာတွင်စိုက်ပျိုးရေးသည် ဂျီအမ်အက်စ်ဒေသခွဲ၏ အဓိကကျောရိုးဖြစ်ပြီး သန်းပေါင်း ၃၄၀ ခန့်ရှိသည့် ဒေသခွဲလူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်သည် အသေးစားစိုက်ပျိုးရေးလုပ်ငန်းများအပေါ်တွင် မှီခိုနေသည့်အားလျော်စွာ လူဦးရေသန်း ၂၀၀ နီးပါး၏ နေထိုင်စားသောက်မှုကို တိုက်ရိုက်အထောက်အကူဖြစ်စေပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းကုန်သွယ်မှုဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရချိန်တွင် ဒေသခွဲဈေးကွက်နှင့် လူဦးရေအရွယ်အစားသည် တရုတ်နိုင်ငံနှင့် အခြားသော ဂျီအမ်အက်စ်နိုင်ငံများအကြား စိုက်ပျိုးရေးကုန်သွယ်မှုကို အပြုသဘောဆောင်သည့်သက်ရောက်မှုဖြစ်စေသည်ဟု ယုံကြည်ပါကြောင်း။

အမှန်တကယ်အားဖြင့် လယ်ယာကုန်သွယ်မှုသည် ၂၀၃၀ ပြည့်နှစ်တွင် ငတ်မွတ်ခေါင်းပါးမှုအဆုံးသတ်ရေးဟူသော ရည်မှန်းချက်ပြည့်မီရေးအတွက် အလွန်အရေးကြီးပါကြောင်း၊ ထို့အပြင် ကုန်သွယ်မှုသည် လယ်သမားများနှင့် စားနပ်ရိက္ခာထောက်ပံ့ရေးကွင်းဆက်တစ်လျှောက်တွင် အလုပ်လုပ်ကိုင်နေသည့် ပြည်သူများ၏အသက်မွေးဝမ်းကျောင်းကို အထောက်အပံ့ပေးရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ယင်းသည် ကမ္ဘာတစ်ဝန်းရှိ စားနပ်ရိက္ခာမလုံလောက်မှုကို လျှော့ချရန်နှင့် ပိုမိုကောင်းမွန်သော စားသုံးကုန်စည်များရွေးချယ်မှုကို အထောက်အပံ့ဖြစ်စေပါကြောင်း။

ထိုနည်းတူစွာ ကုန်သွယ်မှုလွယ်ကူချောမွေ့စေခြင်းဖြင့် စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်မှုစွမ်းရည်များမြင့်မားခြင်း၊ အစားအစာအမျိုးအမယ် ကွဲပြားများပြားလာခြင်း၊ အစားအစာရရှိမှု မြင့်မားလာခြင်းတို့ကိုလည်း ကူညီပေးနိုင်ပါကြောင်း။

သို့ဖြစ်၍ လက်ရှိကာလသည် ဒစ်ဂျစ်တယ်စနစ်ဖော်ဆောင်ခြင်းနှင့် ရေရှည်တည်တံ့ခြင်းကဲ့သို့သော အကြောင်းရင်းများက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကဖြစ်စေပြီး အရင်းအမြစ်များအကန့်အသတ်ရှိနေသည့် ကိုဗစ်ကာလအလွန် ကမ္ဘာကြီးတွင် ဂျီအမ်အက်စ်နိုင်ငံများအနေဖြင့် အတူတကွလုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ ရှာဖွေဖော်ထုတ်ကြရမည့်အချိန်ကာလဖြစ်ပါကြောင်း။

### လွတ်လပ်သောကုန်သွယ်မှု

ဒေသတွင်းနှင့် ဒေသပြင်ပ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေမည့်လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်များ၊ ပိုမိုကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဥပဒေများနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းဆိုင်ရာမဟာဗျူဟာများနှင့် ဂျီအမ်အက်စ်ဒေသတွင်းရင်းနှီးမြှုပ်နှံမှုမူဘောင်ကဲ့သို့သော မူဝါဒပိုင်းဆိုင်ရာ အစီအမံ သုံးခုသည် တစ်နိုင်ငံချင်းစီအနေဖြင့်လည်းကောင်း၊ ဒေသခွဲအနေဖြင့် လည်းကောင်း ရှိပြီးဖြစ်ပါကြောင်း။

ထို့ပြင် ဂျီအမ်အက်စ်မဟာဗျူဟာမူဘောင် (၂၀၃၀) ကို ၂၀၂၁ ခုနှစ်တွင် ကျင်းပခဲ့သော သတ္တမအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေး၌ အတည်ပြုခဲ့ပြီးဖြစ်သည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ ယင်းမူဘောင်သည် ဒေသခွဲအတွင်း မူဝါဒများနှင့် စံချိန်စံညွှန်းများ လိုက်လျောညီထွေရှိရန် လိုအပ်သည့် ပို့ကုန်တိုးချဲ့မှုအတွက် အစားအစာဘေးကင်းမှု ပိုမိုမြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသည့် စံနှုန်းများကို မြှင့်တင်ဆောင်ရွက်ရန် အဓိကထားဖော်ပြထားပါကြောင်း။

### ပြည့်ပြည့်စုံစုံ ဆွေးနွေးဖလှယ်နိုင်ကြမည်

နိဂုံးမချုပ်မီ ရှေ့ဆက်ဆောင်ရွက်ရန်ရှိသည့် ဂျီအမ်အက်စ်အစီအစဉ်များအနက် အစီအစဉ်တစ်ခုနှင့်စပ်လျဉ်း၍ သတင်းအချက်အလက် မျှဝေလိုပါကြောင်း၊ ဂျီအမ်အက်စ်အစီအစဉ်၏ နိုင်ငံအမည်အက္ခရာစဉ်အရ ယခု ၂၀၂၃ ခုနှစ်သည် (၂၆) ကြိမ်မြောက် ဂျီအမ်အက်စ် ဝန်ကြီးအဆင့်အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အလှည့်ကျရောက်ပါကြောင်း၊ အဆိုပါဝန်ကြီးအဆင့်အစည်းအဝေးကို နေပြည်တော်တွင် ဒီဇင်ဘာလ၌ လက်ခံကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေး၊ ဒစ်ဂျစ်တယ်စနစ်ဖော်ဆောင်ရေး၊ ဒေသအစိုးရများနှင့် ချိတ်ဆက်ဆောင်ရွက်ရေး၊ ဂျီအမ်အက်စ်အစီအစဉ်တွင် ပုဂ္ဂလိကကဏ္ဍပါဝင်ရေးနှင့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုမူဘောင် စသည့်အကြောင်းအရာများနှင့် စပ်လျဉ်း၍ အဆိုပါအစည်းအဝေးတွင် ပြည့်ပြည့်စုံစုံ ဆွေးနွေးဖလှယ်နိုင်ကြမည်ဟု ကျွန်ုပ် ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ယူနန်ပြည်နယ် အစိုးရအုပ်ချုပ်ရေးမှူး မစ္စတာ ဝန်ယုဘိုက မိန့်ခွန်းပြောကြားပြီး ယူနန်ပြည်နယ်နှင့်ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့မှတာဝန်ရှိသူများက စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်း၊ ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦး၊ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့် ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေးတို့က ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ တာဝန်ရှိသူများ၊ မဲခေါင်ဒေသသိပ္ပံနှင့် ADB မှ ဒေသဆိုင်ရာတာဝန်ခံတို့နှင့်အတူ ပါဝင်ဆွေးနွေးကြသည်။

### ထူးထူးခြားခြားရလဒ်ကောင်းများရရှိ

မဟာမဲခေါင်ဒေသပူးပေါင်းဆောင်ရွက်မှု ယန္တရားသည် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ အခြေခံအဆောက်အအုံများတည်ဆောက်ရေးနှင့် စီးပွားရေးပေါင်းစည်းမှုတွင် မကြာမီနှစ်များအတွင်း ထူးထူးခြားခြားရလဒ်ကောင်းများ ရရှိခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် ပထမသုံးလပတ်တွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် လန်ချန်း–မဲခေါင် ၅ နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံခန့်ရှိပြီး တစ်နှစ် ထက်တစ်နှစ် ၂၀ ရာခိုင်နှုန်း တိုးမြင့်လျက်ရှိကြောင်း၊ တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၆၃၄ ခုနှင့် ယင်းအတွက် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၄၇ ဘီလီယံရှိကြောင်း သိရသည်။

ယမန်နေ့ ညနေပိုင်းက ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ကူမင်းမြို့ရှိ Wanda ဟိုတယ်၌ တရုတ်နိုင်ငံ အမျိုးသားရေဒီယိုနှင့် ရုပ်မြင်သံကြား စီမံခန့်ခွဲရေးအဖွဲ့အစည်း (NRTA) ဒုတိယအကြီးအကဲ Mr. Yang Guo Rei နှင့် ယူနန်ပြည်နယ် ရေဒီယိုနှင့် ရုပ်မြင်သံကြား စီမံခန့်ခွဲရေးအဖွဲ့အစည်း၊ ယူနန်မီဒီယာအုပ်စု(YMG) တို့မှ ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မဲခေါင်နိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ရုပ်သံဌာနအကြီးအကဲများနှင့် မီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တောင်အာရှနိုင်ငံများမှ မီဒီယာကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့သည် စတုတ္ထအကြိမ်မြောက် မဲခေါင်– လန်ချန်း ရုပ်သံသီတင်းပတ် စားပွဲဝိုင်းဆွေးနွေးပွဲ၊ The National Theme day for Cambodia ဖွင့်ပွဲနှင့် ဖျော်ဖြေပွဲ အခမ်းအနားသို့တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်းသည် ကူမင်းမြို့၌ ကျင်းပလျက်ရှိသည့် (၇)ကြိမ်မြောက် တရုတ်–တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ်ကူမင်းသွင်းကုန်ပို့ကုန်ကုန်စည်ပြပွဲသို့ သွားရောက်၍ မြန်မာနိုင်ငံပြခန်း၌ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ စနစ်တကျထုပ်ပိုး၍ ခင်းကျင်းပြသထားရှိမှုနှင့် ယူနန်ပြည်နယ်တွင် ဈေးကွက်ဝေစုရရှိနေမှုကို ကြည့်ရှုအားပေးပြီး တရုတ်နိုင်ငံနှင့် ယူနန်ပြည်နယ်တို့မှ သွင်းကုန်သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုနှင့်အတူ ယခုထက် ပိုမိုတင်သွင်းလိုမှုကို လုပ်ငန်းစဉ်အတိုင်း စနစ်တကျဖြင့် မြန်ဆန်ချောမွေ့အောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

*စာမျက်နှာ ၄ သို့*






# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး 5th China –Southeast Asia Business Forum သို့ တက်ရောက်ပြီး RCEP ကုန်စည်ဖြန့်ဖြူးရေးစင်တာသို့ သွားရောက်လေ့လာ




**နေပြည်တော် ဩဂုတ် ၁၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပသည့် “(၇)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်-သွင်းကုန်ကုန်စည်ပြပွဲ” (7th China–South Asia Exposition and 27th China(Kunming) Export/Import Fair) သို့ တက်ရောက်ရန် ကူမင်းမြို့၌ ရောက်ရှိနေသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် Wyndham Hotel ၌ ကျင်းပသည့် (၅) ကြိမ်မြောက် တရုတ် - အရှေ့တောင်အာရှ စီးပွားရေးဖိုရမ်သို့ တက်ရောက်အမှာစကား ပြောကြားသည်။**(ယာပုံ)**

ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Na Yunde၊ အာဆီယံ-တရုတ်စင်တာမှ အထွေထွေအတွင်းရေးမှူး၊ တရုတ်နိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်သည်များအသင်းဥက္ကဋ္ဌတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

**တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိ**

အဆိုပါဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ယခုနှစ်ဖိုရမ်၏ အဓိကဆောင်ပုဒ်ဖြစ်သော “စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ဒေသတွင်းစက်မှုလုပ်ငန်းကွင်းဆက်ကို အားပေးမြှင့်တင်ရန်”ဆိုသည့်အချက်ကို ထောက်ခံပါကြောင်း၊ ဤဆောင်ပုဒ်သည် တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါသည့်အချက်ကို အထူးပြုနေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံစီးပွားရေးဆိုင်ရာလုပ်ငန်းစဉ်များကို တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိရာ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံရှိ ကဏ္ဍများစွာတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့ရန် အလားအလာများစွာရှိနေကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်ရေးအတွက် မောင်းနှင်အားတစ်ရပ်ဖြစ်သည့် ပုဂ္ဂလိကကဏ္ဍ၏ အရေးပါမှုကိုလည်း အသိအမှတ်ပြုကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်တကွ အရှေ့တောင်အာရှနိုင်ငံများနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားသောနယ်ပယ်များတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် အနာဂတ်အလားအလာနှင့် အခွင့်အလမ်းကောင်းများကို ဖော်ထုတ်နိုင်ရန်အတွက် စီးပွားရေးအသိုက်အဝန်းများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

**စီးပွားရေးပူးပေါင်းဆောင်ရွက်**

ဆက်လက်၍ ဖိုရမ်ကိုအစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ (၅) ကြိမ်မြောက် တရုတ် - အရှေ့တောင်အာရှစီးပွားရေးဖိုရမ်၏ အလှည့်ကျသဘာပတိအဖြစ် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက ဆောင်ရွက်ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အရှေ့တောင်အာရှနိုင်ငံများမှ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းများမှ ဥက္ကဋ္ဌများနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ ပြည်နယ်ခွဲများမှ အစိုးရကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့်အတူ ကူမင်းမြို့ Haigeng Garden Hotel တွင် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဝမ်ယွီပေါက တည်ခင်းဧည့်ခံသည့် အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဩဂုတ် ၁၆ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ China (Yunnan) Pilot Free Trade Zone ရှိ RCEP ကုန်စည်ဖြန့်ဖြူးရေးစင်တာသို့ သွားရောက်လေ့လာခဲ့သည်။

ပြည်ထောင်စုဝန်ကြီးကို စင်တာမှ တာဝန်ရှိသူများက RCEP ကုန်စည်ဖြန့်ဖြူးရေးစင်တာရှိ တောင်အာရှနှင့် အရှေ့တောင်အာရှကုန်စည်ပြခန်းနှင့် ရောင်းဝယ်ရေးစင်တာတွင် ပြသထားသော တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှ ထုတ်ကုန်များ ခင်းကျင်းပြသရောင်းချနေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် RCEP နိုင်ငံများမှထုတ်ကုန်များကို နိုင်ငံအလိုက် Studio အခန်းများမှ Online Live Streaming ဖြင့် တိုက်ရိုက်မိတ်ဆက်ရောင်းချနေမှု၊ နေ့စဉ်ကုန်ပစ္စည်းများ ရောင်းချနိုင်မှုနှင့် ဖြန့်ဖြူးမှုအခြေအနေများကို ကြည့်ရှုလေ့လာခဲ့သည်။

**online မှတစ်ဆင့် ရောင်းချပေး**

အဆိုပါစင်တာသည် တောင်အာရှနှင့်အရှေ့တောင်အာရှနိုင်ငံများ၏ ထုတ်ကုန်များကို တရုတ်နိုင်ငံအတွင်းသို့ ဖြန့်ဖြူးရောင်းချရာတွင် မဟာဗျူဟာကျသည့် ယူနန်ပြည်နယ် ကူမင်းမြို့တွင် တည်ရှိပြီး ကုန်သည်လုပ်ငန်းရှင်များအတွက် နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများကို အဆင်ပြေလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် ပြီးပြည့်စုံသောဝန်ဆောင်မှုလုပ်ငန်းများထည့်သွင်းထားသည့် ကုန်စည်ဖြန့်ဖြူးရေးစင်တာဖြစ်ပြီး မြန်မာထွက်ကုန်များကိုလည်း တရုတ်နိုင်ငံအတွင်း online မှတစ်ဆင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဝန်ထမ်းများအနေဖြင့် တိုင်းပြည်သာယာဝပြောရေး၊ အေးချမ်းတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို အထောက်အကူပြုစေရန် ကျရာကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်း

**နေပြည်တော် ဩဂုတ် ၁၇**

ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅) ရပ်၊ ဦးတည်ချက်(၉)ရပ်နှင့်အညီ တိုင်းပြည်သာယာဝပြောရေး၊ အေးချမ်းတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို အထောက်အကူပြုစေရန် တိုင်းရင်းသားနှင့် နိုင်ငံ့ဝန်ထမ်းကောင်းများပီပီ ကျရာကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိအဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။ **(အောက်ဝဲပုံ)**




တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ လုပ်ငန်းရည်မှန်းချက်မှာ သတ်မှတ်ပြဋ္ဌာန်းထားရှိသော ဥပဒေနှင့်အညီ တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ တိုင်းရင်းသားရေးရာများကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်းနှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်တိုးတက်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရန်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ပြဋ္ဌာန်းထားရှိသည့် ဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့်ကျင့်ဝတ်နှင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန်တို့ကို စောင့်ထိန်းလိုက်နာရန်နှင့် ပါတီနိုင်ငံရေးကင်းရှင်းရန် လိုအပ်ကြောင်း၊ ဝန်ထမ်းရေးရာနှင့် ဌာနလုပ်ငန်းများ၊ အခက်အခဲနှင့် စိန်ခေါ်မှုများနှင့်ပတ်သက်၍ ပွင့်လင်းစွာ တင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က မြန်မာ့ပထဝီနိုင်ငံရေး၊ ကမ္ဘာ့ပထဝီ နိုင်ငံရေးနှင့် မြန်မာနိုင်ငံကြုံတွေ့ခဲ့ရသည့် သမိုင်းကြောင်းများကို ရှင်းလင်းဆွေးနွေးပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အစိုးရ၊ ဝန်ထမ်း၊ ပြည်သူများအားလုံး ညီညွတ်စွာ အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက အခက်အခဲများ၊ လိုအပ်ချက်များကို တင်ပြကြရာ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် အရာထမ်း၊ အမှုထမ်းများနှင့် နေ့လယ်စာအတူတကွ သုံးဆောင်ကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၃ မှ*

**စနစ်တကျလေ့လာပြုစု**

ဆက်လက်၍ တရုတ်နိုင်ငံထုတ် ယူနန်ကောရမ်ဆေးနှင့် ဆေးပစ္စည်းများ ပြခန်းသို့သွားရောက်ပြီး ခင်းကျင်းပြသထားရှိမှုများအား စိတ်ဝင်စားစွာ လိုက်လံကြည့်ရှုအားပေးကာ မြန်မာနိုင်ငံသို့လာရောက်၍ ခင်းကျင်းပြသလိုမှုနှင့် အကူအညီပေးအပ်လိုမှုအပေါ် စနစ်တကျလေ့လာပြုစုပြီး လုပ်ငန်းစဉ်အတိုင်း ကမ်းလှမ်းဆောင်ရွက်ပေးရန် ပြောကြားသည်။

**လျင်မြန်စွာအကောင်အထည်ဖော်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကူမင်းမြို့ရှိ ယူနန် နေ့စဉ် (Yunan Daily)သတင်းစာတိုက်သို့ သွားရောက်၍ ၁၉၄၈ ခုနှစ်မှ စတင်စုဖွဲ့ပြင်ဆင်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ်မှစတင်၍ သတင်းစာ Logo ပြင်ဆင်သတ်မှတ်မှုနှင့် ဆယ်စုနှစ်အလိုက် သုံးသပ်ချက်ပြုလုပ်၍ အဆင့်ဆင့် တိုးတက်ပြောင်းလဲလုပ်ဆောင်နေမှု၊ Online Media ကိုလည်း Print Media နှင့် အပြိုင်ဆောင်ရွက်နေမှု၊ သတင်းစာ(၉)မျိုးနှင့် မဂ္ဂဇင်း(၉)မျိုး ထုတ်ဝေဖြန့်ချိနေမှုတို့ကို ကြည့်ရှုလေ့လာပြီး ပြည်ထောင်စုဝန်ကြီးက သတင်းဖလှယ်အသုံးပြုမှု အပါအဝင် ပူးပေါင်းဆောင်ရွက်လိုမှုများအား လုပ်ငန်းစဉ်အတိုင်း စနစ်တကျဖြင့် လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးပြောကြားခဲ့သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စတုတ္ထအကြိမ်မြောက် လန်ချန်း-မဲခေါင် Audiovisual Week ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





ကူမင်း ဩဂုတ် ၁၇

တရုတ်နိုင်ငံ အမျိုးသားရေဒီယိုနှင့်ရုပ်မြင်သံကြားဌာန (NRTA)၊ ကမ္ဘောဒီးယား ပြန်ကြားရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရတို့ ပူးပေါင်းပြုလုပ်သည့် 4th Lancang-Mekong Audiovisual Week ဖွင့်ပွဲအခမ်းအနားကို ကူမင်းမြို့ရှိ ယူနန်မီဒီယာဂရုစတူဒီယိုခန်းမ(၁)၌ ဩဂုတ် ၁၆ ရက် ညပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ တောင်နှင့် တောင်အာရှနိုင်ငံများနှင့်အတူ မဲခေါင်ဒေသနိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ကောင်စစ်ဝန်ချုပ်များ၊ လန်ချန်း-မဲခေါင်နိုင်ငံများနှင့် သီရိလင်္ကာနိုင်ငံတို့မှ မီဒီယာများနှင့် ပင်မမီဒီယာများမှ ကိုယ်စားလှယ်များ၊ တရုတ်နိုင်ငံ၏ NRTA မှ တာဝန်ရှိသူကိုယ်စားလှယ်များ၊ အိမ်နီးချင်းပြည်နယ်များ၏ ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနများမှ ကိုယ်စားလှယ်များ၊ ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားဌာနများမှ သတင်းဗျူရိုများ၊ Jiangsu ပြည်နယ်၊ Fujian ပြည်နယ်၊ Guangdong ပြည်နယ်၊ Guangxi Zhuang ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ Hainan ပြည်နယ် စသည်တို့မှ ကိုယ်စားလှယ်များ၊ CPC ယူနန်ပြည်နယ်ကော်မတီနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရနှင့် ပြည်နယ်အသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားကို အဖွင့်အမှာစကားပြောကြားခြင်းနှင့် အနုပညာဖြင့် ဖျော်ဖြေခြင်းအပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်ခဲ့ရာ တောင်နှင့်တောင်အာရှနိုင်ငံများမှ မီဒီယာဌာနများနှင့် ပင်မမီဒီယာနယ်ပယ်မှ တာဝန်ရှိသူ ကိုယ်စားလှယ်များက နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အမျိုးသား ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာန(The National Radio and Television Administration of China-NRTA) ဒုတိယဝန်ကြီး Mr. Yang Guorui၊ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး Dr. Khieu Kanharith၊ ယူနန်ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး Ms. Yang Yang၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း **(အပေါ်ယာပုံ)**၊ လာအိုနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Phosy Keomanyvong တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် အမှန်တကယ် ဒေသတွင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မီဒီယာကဏ္ဍမှ အသိပညာများ၊ သတင်းအချက်အလက်များ ပေးပို့နိုင်မှုသည် လွန်စွာအရေးကြီးလှပါကြောင်း၊ ထို့ကြောင့် မဲခေါင်-လန်ချန်းနိုင်ငံများ၏ မီဒီယာများအကြား အပြန်အလှန်ဆက်သွယ် ချိတ်ဆက်ရေး၊ သင်ယူလေ့လာရေး၊ လက်တွေ့ပူးပေါင်းဆောင်ရွက်ရေးများ ပိုမိုအားကောင်းလာစေရန်အတွက် “မီဒီယာပေါင်းစည်းမှု” ကိစ္စရပ်များကို ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်နေကြခြင်း ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် မဲခေါင်-လန်ချန်းနိုင်ငံများရှိ ပြည်သူများအချင်းချင်းအကြား ရင်းနှီးဆက်နွယ်မှုများ၊ ပိုပြီးနီးကပ်သည့် ထိတွေ့ဆက်ဆံမှုများနှင့်အတူ အေးအတူပူအမျှ အသိုက်အဝန်းကို အတူတကွ ထူထောင်နိုင်မည်ဖြစ်ပါကြောင်း။

ယခုလို လုပ်ဆောင်မှုသည် ယခုနှစ်စတုတ္ထအကြိမ်ကျင်းပသော Audiovisual Week ၏ ဆောင်ပုဒ်ဖြစ်သည့် “မဲခေါင်-လန်ချန်း ရုပ်/သံမီဒီယာ အတူလက်တွဲပူးပေါင်းဆောင်ရွက်မှုမှသည် ရွှေရောင်အခန်းကဏ္ဍဆီသို့” (Enjoy Lancang-Mekong Audiovisual Extravaganza and Co-Compose the Golden Chapter) ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံအစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံပြီး နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်နေရင်း မိမိတို့ ပြည်သူများ မျှော်မှန်းသည့်၊ မိမိတို့တိုင်းရင်းသားများ လိုလားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉ )ရပ်တို့ကို ချမှတ်ပြီး လုပ်ဆောင်လျက် ရှိပါကြောင်း။

ဤရည်မှန်းချက် ပေါက်မြောက်အောင်မြင်အောင် ထိထိရောက်ရောက် အထောက်အကူပြုနိုင်သော အချက်များထဲတွင် အရေးကြီးသော အရာတစ်ခုမှာ မီဒီယာကဏ္ဍပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း မြန်မာနိုင်ငံအနေဖြင့် မီဒီယာကဏ္ဍကို အစဉ်တစိုက် မြှင့်တင်ဆောင်ရွက်လျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း။

မဲခေါင်-လန်ချန်း နိုင်ငံများအကြား ကဏ္ဍစုံပေါင်းစည်းဆောင်ရွက်ကြရာတွင် သတင်းနှင့် မီဒီယာအခန်းကဏ္ဍကိုလည်း နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာ စံနှုန်း၊ ကျင့်ဝတ်များနှင့်အညီ ခေတ်မီမီဒီယာနည်းပညာများကို သင်ယူလေ့လာနိုင်ခွင့်၊ အသုံးချနိုင်ခွင့်၊ ဖလှယ်နိုင်ခွင့်ရရှိစေရန် အတူပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ ဒေသတွင်းနိုင်ငံအချင်းချင်း သတင်းဖလှယ်မှုများ၊ မီဒီယာများအကြား ကူးလူးဆက်ဆံမှုများ ပိုမိုတိုးတက်လာမည့်အပြင် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်သူများအတွက် သတင်းမှန်များ သိရှိနိုင်မှုအခွင့်အလမ်းများလည်း ပိုမိုတိုးတက်ရရှိလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစီအစဉ်အရ တရုတ်နိုင်ငံ အမျိုးသားရေဒီယိုနှင့် ရုပ်မြင်သံကြားဌာန (NRTA) နှင့် သီရိလင်္ကာသမ္မတနိုင်ငံတို့အကြား China Television Theater ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူ စာချုပ်ကို ချုပ်ဆိုပြီး အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် Mekong Look App စတင်ခြင်း အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

Mekong Look App ကို မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တရုတ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်ဘာသာစကားနှင့်အသုံးပြုကာ အွန်လိုင်းရုပ်သံ အစီအစဉ် ထုတ်လွှင့်နိုင်ရေးအတွက် ယူနန်မီဒီယာအုပ်စု (Yunnan Media Group) က တည်ထောင်ထားခြင်းဖြစ်သည့် ယခု ၂၀၂၃ ခုနှစ် ဩဂုတ်လကုန်ထိ ယင်း App ကို တရုတ်၊ ကမ္ဘောဒီးယားနှင့် ထိုင်းဘာသာစကားတို့ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိပြီး ၂၀၂၅ ခုနှစ်ကုန်တွင် လာအို၊ မြန်မာနှင့် ဗီယက်နမ်ဘာသာစကားတို့ဖြင့် ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း မဲခေါင်-လန်ချန်းအဖွဲ့ဝင် တစ်နိုင်ငံဖြစ်သည့်အားလျော်စွာ အဖွဲ့ဝင်နိုင်ငံများအကြား ဆက်သွယ်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပိုမိုမြှင့်တင်ပေးနိုင်မည့် နည်းလမ်းတစ်ခုဖြစ်သည့်အတွက် ပါဝင်လုပ်ဆောင်သွားမည်ဖြစ်ပြီး နားလည်မှုသဘောတူစာချုပ်များ ချုပ်ဆိုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အခမ်းအနားကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်နေမှုအစီအစဉ်များ၊ ယခင်ကျင်းပခဲ့မှုများ၊ တိုးတက်ဖြစ်ထွန်းလာသည့် အစီအစဉ်နှင့် အကြောင်းအရာများကို ဗီဒီယိုမှတ်တမ်းများဖြင့် ပြသပြီး ဒေသတွင်းနိုင်ငံများ၏ နည်းပညာများဖြင့် တင်ဆက်ပြသခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားမစတင်မီ မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကောင်စစ်ဝန်များ၊ ရုပ်သံလွှင့်ဌာနအကြီးအကဲများ သီးခြားတွေ့ဆုံပြီး ပြန်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ NRTA ၏ ဒုတိယဝန်ကြီးနှင့် ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ယူနန်မြို့ရှိ ထင်ရှားသော Yunnan Famous Tea Museum သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြသည်။

**သတင်းစဉ်**

## တောင်ကြီးမြို့နယ်၌ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်း လှုပ်ရှားမှုဆောင်ရွက်

တောင်ကြီး ဩဂုတ် ၁၇

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မွေးမြူရေးတိရစ္ဆာန်များတွင် ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာလှုပ်ရှားမှု ရက်သတ္တပတ်အဖြစ် အသိပညာပေးဟောပြောပွဲနှင့် မွေးမြူရေးဘဏ်စနစ်ဖြင့် တိရစ္ဆာန်များ ဖြန့်ဖြူးခြင်းကို ယနေ့ နံနက် ၉ နာရီက ကွန်လုံကျေးရွာအုပ်စု ရေပူကျေးရွာ၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ဝင်းဇင်မောင် ဦးဆောင်၍ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးတို့က ဒေသခံ နွား၊ ဝက်နှင့် ဆိတ်မွေးမြူသူ တောင်သူများနှင့် တွေ့ဆုံပြီး ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သည့် ခွာနာ၊ လျှာနာ ရောဂါများ၊ အရေပြားအကျိတ်နာရောဂါများအကြောင်းတို့ကို အသိပညာပေး ဟောပြောဆွေးနွေးသည်။ ထို့နောက် ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး၊ တိရစ္ဆာန်ဝယ်ယူဖြန့်ဖြူးရေးအဖွဲ့၊ တောင်ကြီးမြို့နယ် မွေးမြူရေးဘဏ်စနစ် ကြီးကြပ်မှုကော်မတီနှင့် ကျေးရွာကြီးကြပ်မှုအဖွဲ့တို့က တိရစ္ဆာန်ကူးစက်ရောဂါကြိုတင်ကာကွယ် ဆေးထိုးနှံခြင်း၊ တိရစ္ဆာန်ကာကွယ်၊ ကုသဆေး ၁၂ မျိုးတွဲ ဆေးပါကင်နှင့် ခြံဖျန်းပိုးသတ်ဆေးများ ထောက်ပံ့ခြင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြု ရန်ပုံငွေဖြင့် မွေးမြူရေးဘဏ်စနစ်ဖြင့် မွေးမြူဆောင်ရွက်မည့် ကွန်လုံကျေးရွာအုပ်စု ရေပူကျေးရွာနှင့် ရေပုရွာသစ်ကျေးရွာရှိ မွေးမြူရေး အဆိုပြုအိမ်ထောင်စု ၃၀ ထံ ဒေသဆိတ်အထီး ငါးကောင်၊ အမ အကောင် ၅၀ စုစုပေါင်း ၅၅ ကောင်နှင့် ဒေသဝက်အကောင် ၅၀ ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

○ *ရှေ့ဖုံးမှ*

ငါးနီတူခြောက် သုံးတန်၊ ငါးကုန်းညိုခြောက် ၈ ဒသမ ၅ တန်၊ ငါးစုံလေးခြောက် ၅၄ ဒသမ ၅ တန်၊ ငါးခေါင်းပွ ၆ ဒသမ ၂၀၅ တန်၊ စက်မှု ကုန်ချောပစ္စည်းများမှာ ဆီးယိုထုပ် သုံးတန်၊ ဆန်ကြာဆံ တစ်တန်၊ ထွန်းရွှေဝါလိမ်းဆေး နှစ်တန်၊ သနပ်ခါးခဲ နှစ်တန်နှင့် မုန့်ဖတ်ခြောက် ၀ ဒသမ ၅ တန် တင်ပို့နိုင်ခဲ့သည်။ ဩဂုတ် ၁၄ ရက် နံနက် ၁၁ နာရီအထိ ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ၃၄၆၃ ကျပ်၊ ၁၁၆ ဒသမ ၂၀ တာကာ၊ ကျပ် ၁၀၀ လျှင် လေးတာကာ၊ တစ်တာကာလျှင် ၂၉ ဒသမ ၈ ကျပ်နှုန်း ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**စီးပွားကူးသန်း**

### ဖြည့်စွက်ဖတ်ရှုပါရန်

ဩဂုတ် ၁၇ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၅ တွင် ဖော်ပြပါရှိသည့် (၇)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့်(၂၇)ကြိမ်မြောက် တရုတ်(ကူမင်း)ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲသို့ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်သတင်း ကော်လံ ၄ ပထမအပိုဒ်၌ “မြန်မာနိုင်ငံအနေဖြင့် ကုန်စည်ပြပွဲကို နှစ်စဉ် ပါဝင်ပြသခဲ့ပြီး ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် ယခုကဲ့သို့ ပါဝင်ပြသခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး ....” ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

# မာရဝိဇယဗုဒ္ဓဥယျာဉ်တော် (သို့မဟုတ်) စိတ်ကြည်နူးချမ်းမြေ့ဖွယ်ရာဥယျာဉ်တော်

◇◇◇◇◇◇◇◇◇ သိမ့်သိမ့်မိုး (မြန်မာ့အလင်း) ◇◇◇◇◇◇◇◇◇



ကောင်းကင်ယံထက်မှ တိမ်စိုင်တိမ်လိပ်များ ကြားဝယ် သက်တော်ထင်ရှား မြတ်စွာဘုရားရှင် စံပယ်တော်မူနေသည့်အလား တည်ရှိနေသော သပ္ပာယ်ကြည်ညိုဖွယ်ကောင်းလှသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အဝေးမှ ဖူးမြင်ရသည်နှင့်ပင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မေတ္တာရိပ်က စိတ်ကြည်နူးချမ်းမြေ့မှုနှင့် စိတ်ငြိမ်းချမ်းမှုကို စတင်ပေးစွမ်းခဲ့လေပြီ။

မာရဝိဇယဗုဒ္ဓဥယျာဉ် အဝင်မုခ်ဦးမှစ၍ လမ်းဘေးဝဲယာတစ်လျှောက်တွင် သစ်ပင်ပန်းမန်များ အစီအရီ စိုက်ပျိုးထားရာ မုခ်ဦးကတည်းကပင် မိမိ၏စိတ်သန္တာန်က အေးချမ်းမှုကို စတင်ခံစားရသည်။ ဘုရားကြီး တည်ထားပူဇော်ရာ ရင်ပြင်တော်ပေါ်သို့ သွားရာလမ်းတစ်လျှောက်တွင်လည်း စကျင်ကျောက်ပြားများ ခင်းကျင်းထားသည့်အတွက် စကျင်ကျောက်၏ အေးမြမှုကိုလည်း ခံစားရပါသည်။ ထို့အပြင် ဗုဒ္ဓဥယျာဉ်တော်အတွင်း သုဓမ္မာဇရပ်များ၊ ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းငယ်များဖြင့်လည်း တင့်တယ်လျက် ရှိလှပါသည်။

### စိတ်ချမ်းမြေ့ဖွယ်မြင်ကွင်း

ဘုရားရင်ပြင်တော်တွင် ဘုရာဖူးလာ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များ၊ ဝတ်အသင်းအဖွဲ့များကလည်း ဘုရားရင်ပြင်တော်ပေါ်တွင် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်နေကြသည်မှာ စိတ်ချမ်းမြေ့ဖွယ်ကောင်းလှသည့် မြင်ကွင်းများထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ တံခွန်တိုင်နှင့် သဒ္ဓါဓိပတိ ခေါင်းလောင်းတော်ကို ဘုရားဖူးများ စိတ်ဝင်စားစွာ လေ့လာကြည်ညိုနေကြသည်ကို မြင်တွေ့ရသည်။

ဘုရားရင်ပြင်ပေါ်သို့တက်သည့် လှေကားမှာ မမြင့်လှသော်လည်း မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ်သို့ လွယ်ကူအဆင်ပြေစွာ တက်ရောက်နိုင်ရန် စက်လှေကား ထည့်သွင်းတည်ဆောက်ထားသည့်အစီအစဉ်မှာလည်း လွန်စွာကောင်းမွန်လှသည်ကို တွေ့ရသည်။ ဗုဒ္ဓဥယျာဉ်တော်အတွင်း ဗောဓိညောင်ပင်၊ လင်းလွန်းပင်၊ ကျည်းပင်၊ လုမ္ဗိနီအင်ကြင်းပင် အစရှိသည့် ဗုဒ္ဓဘာသာနှင့် ဆက်စပ်နေသည့် သစ်ပင်မျိုးများ အပါအဝင် ကံ့ကော်ပင်နှင့် ပန်းပင်များစွာ စိုက်ပျိုးထားသည်ကို တွေ့မြင်ရသည်။

### သပ္ပာယ်စွာလေ့လာဖူးတွေ့

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မျက်နှာမူရာ ရှေ့တူရူအရပ်တွင် မြတ်ဗုဒ္ဓ၏ဟောကြားခဲ့သော တရားတော်များဖြစ်သည့် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတို့၏ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ပါဠိအက္ခရာ၊ ရိုမန်ဘာသာတို့ဖြင့် ရေးထိုးထားသည့် ကျောက်စာရုံစေတီ ၇၂၀ တွင် ကျောက်စာချပ်ရေ ၁၄၄၀ နှင့် ပင်မကျောက်စာရုံစေတီတွင် ကျောက်စာလေးချပ် စုစုပေါင်းကျောက်စာချပ် ၁၄၄၄ ချပ်ကို သပ္ပာယ်စွာလေ့လာဖူးတွေ့ရသည်။

အဆိုပါကျောက်စာချပ်များမှာ ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ရာတွင် ပိဋကတ်သုံးပုံကျမ်းစာမြတ်များကိုပါ တစ်ပါတည်း ဖူးမြော်နိုင်ရေးနှင့် နောင်နှစ်ပေါင်းများစွာတိုင် မှတ်တမ်းများ ကျန်ရှိစေရေး ရည်ရွယ်ပြီး တည်ထားခြင်းဖြစ်ကြောင်း သိရပါသည်။

ဘုရားရင်ပြင်တော်နှင့် ရေပန်းရင်ပြင်ကြားတွင် ဆောက်လုပ်ထားသည့် မန္တလေးနန်းမြို့အဝင် မင်္ဂလာတံတားပုံစံတူ တံတားကိုလည်း ရတနာပုံခေတ်ဟန်အတိုင်း လက်ရာမြောက်စွာ တည်ဆောက်ထားသည်ကို တွေ့ရသည်။ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများကို ခမ်းနားစွာ ကျင်းပနိုင်သည့် သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သော အလျား၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ ဗိသုကာလက်ရာမြောက်လှသည့် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးကို ခမ်းနားထည်ဝါစွာ တွေ့မြင်ရမည်ဖြစ်ပြီး ဘုရားဖူးလာရဟန်းရှင်လူပြည်သူများ ဝင်ရောက်လေ့လာကြသည်ကိုလည်း ကြည်နူးစွာ တွေ့မြင်ရသည်။

### မျက်စိတစ်ဆုံးလေ့လာနိုင်

အဆိုပါသိမ်တော်ကြီးကို လေ့လာပြီးလျှင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း အံ့ချီးမကုန်နိုင်ဖွယ်ရာ အနုလက်ရာမြောက်လှသည့် မြန်မာမှုလက်ရာများကို ခေတ်မီနည်းစနစ်များဖြင့် ပေါင်းစပ်ပုံဖော်ထားသည့် မြန်မာ့ယဉ်ကျေးမှုများကို ပြည့်ပြည့်စုံစုံ မျက်စိတစ်ဆုံး လေ့လာနိုင်ပါသည်။

ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ပိဋကတ်တော်လာ အဆိုများနှင့် မဟာဗုဒ္ဓဝင် ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာတည်ထားသည့် မုစလိန္ဒနဂါးရုံဘုရားနှင့် မုစလိန္ဒအိုင်တို့တွင်လည်း ဘုရားဖူးလာပြည်သူများ ဖူးမြော်လေ့လာလျက်ရှိသည်ကို မြင်တွေ့ရသည်။ ဘုရားဖူးလာပြည်သူများ မျက်စိပသာဒဖြစ်စေမည့် စိမ်းလန်းစိုပြည်လှသည့် မြက်ခင်းများနှင့် ပန်းပင်များလည်း လှပသပ်ရပ်စွာ စိုက်ပျိုးထားသည်။

ထို့အပြင် နေပူပြင်းသည့်အချိန်တွင် ဂန္ဓကုဋိတိုက်တော်များအတွင်းမှ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုနိုင်ရန် ဂန္ဓကုဋိတိုက်များကိုလည်း စကျင်ကျောက်များအသုံးပြု၍ ဇာတ်နိပါတ်တော်များကို အနုသုခုမလက်ရာမြောက်စွာဖြင့် ပဋ္ဌာန်းမြတ်ဒေသနာ ၂၄ ပစ္စည်းကို ရည်စူးလျက် အနုလက်ရာများ မတူညီသည့်အဆောင် ၂၄ ဆောင် တည်ဆောက်ထားသည်။

ဘုရားဖူးလာပြည်သူများ နားနေရန်အတွက် ဗုဒ္ဓဥယျာဉ်တော်အတွင်း သုဓမ္မာဇရပ်များ တည်ဆောက်ထားသော်လည်း ဂန္ဓကုဋိတိုက်များတွင် ဘုရားဖူးလာသူတချို့က အစားအသောက်များ စုဝေးစားသောက်ခြင်းများ ပြုလုပ်နေကြသည်။ ဘုရားဖူးလာသူများ ဂန္ဓကုဋိတိုက်အတွင်း လွတ်လပ်စွာ ဖူးမြော်လေ့လာနိုင်ရန် ထိုကဲ့သို့ စုဝေးစားသောက်ခြင်းများ ပြုလုပ်ခြင်းသည် သင့်လျော်မှုမရှိသည့်အတွက် တားမြစ်ရမည့် ကိစ္စရပ်တစ်ခုဟု ထင်မိပါသည်။

### လိုက်နာစောင့်ထိန်း

ဘုရားဖူးလာပြည်သူများအနေဖြင့် ကျယ်ဝန်းသည့် ဗုဒ္ဓဥယျာဉ်တော်အတွင်း လေ့လာ ဖူးမြော်မှုများပြုလုပ်ရာတွင် မိမိတို့တွင် ပါရှိလာသည့် အမှိုက်များကို အလွယ်တကူ စွန့်ပစ်ခြင်းများ မပြုလုပ်မိစေရန်နှင့် လမ်းဘေးဝဲယာတစ်လျှောက်တွင် စိုက်ပျိုးထားသည့် ပန်းမန်များကိုလည်း ခူးယူခြင်း မပြုလုပ်ကြရန် အထူးသတိထားကြရပါမည်။ သို့မှသာ ဗုဒ္ဓဥယျာဉ်တော်အတွင်း အများပြည်သူ စိတ်ချမ်းမြေ့မှုရှိစေရန် ဆောင်ရွက်ထားမှုများကို အားလုံးကိုယ်စီ လိုက်နာစောင့်ထိန်းကုသိုလ်ပြုခြင်းဖြင့် ဗုဒ္ဓဥယျာဉ်တော်ကြီး ထာဝစဉ်သန့်ရှင်းသာယာနေမည်ဖြစ်ပါသည်။

### ခိုင်မာစွာထွန်းလင်း

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥယျာဉ်တော်ကြီးသည် ထေရဝါဒဗုဒ္ဓသာသနာ တည်ရှိနေသရွေ့၊ မြန်မာနိုင်ငံ တည်ရှိနေသရွေ့ တည်ရှိနေမည်ဖြစ်ပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားသည့် ရည်ရွယ်ချက်ကောင်းများဖြစ်သည့် မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပနေမှုအား ကမ္ဘာကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်နှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်ဟူသည့် ရည်ရွယ်ချက်များအတိုင်း အောင်မြင်ထမြောက်အောင် စာရေးသူ အပါအဝင် ပြည်သူပြည်သားများက ဆက်လက်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❁ **မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း အံ့ချီးမကုန်နိုင်ဖွယ်ရာ အနုလက်ရာမြောက်လှသည့် မြန်မာမှုလက်ရာများကို ခေတ်မီနည်းစနစ်များ ဖြင့် ပေါင်းစပ်ပုံဖော်ထားသည့် မြန်မာ့ယဉ်ကျေးမှုများကို ပြည့်ပြည့်စုံစုံ မျက်စိတစ်ဆုံး လေ့လာနိုင်**

❁ **ဗုဒ္ဓဥယျာဉ်တော်အတွင်း အများပြည်သူ စိတ်ချမ်းမြေ့မှုရှိစေရန် ဆောင်ရွက်ထားမှုများကို အားလုံးကိုယ်စီ လိုက်နာစောင့်ထိန်း ကုသိုလ်ပြုခြင်းဖြင့် ဗုဒ္ဓဥယျာဉ်တော်ကြီး ထာဝစဉ် သန့်ရှင်းသာယာနေမည် ဖြစ်ပါသည်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်ရပ်ရပ်မှ ရဟန်း၊ ရှင်လူ၊ ဘုရားဖူးပြည်သူအပေါင်း လာရောက်ဖူးမြော်ကြည်ညို



**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ၊ ဘုရားဖူးပြည်သူအပေါင်း အခမဲ့လာရောက်ဖူးမြော်နိုင်ရန် ဩဂုတ် ၈ ရက်မှစတင်၍ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်းဖွင့်လှစ်ထားရှိရာ ယနေ့ ဒသမမြောက်နေ့ ဩဂုတ် ၁၇ ရက်တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများ တဖွဲဖွဲဖြင့် စည်ကားလျက်ရှိသည်။

ယနေ့ ဩဂုတ် ၁၇ ရက်သည် ဘုရားဖူးပြည်သူများ အခမဲ့လာရောက်ဖူးမြော်နိုင်ရန် ရက်သတ်မှတ်တိုးမြှင့်ထားသည့် ပထမရက်ဖြစ်သည်။ အဆိုပါပထမရက်တွင်လည်း ဘုရားဖူးလာပြည်သူများအနေဖြင့် ယာဉ်ကြီး၊ ယာဉ်ငယ်၊ မော်တော်ဆိုင်ကယ်များပါမကျန် အမျိုးမျိုးသောယာဉ်များဖြင့် ခရီးနှင်ရောက်ရှိလာကြသည်ကိုလည်း တွေ့ရသည်။



မာရဝိဇယဘုရားကြီး၏ မုခ်ဦးဝတွင် ယခင်ရက်များနည်းတူ စည်းကမ်းတကျ၊ စနစ်တကျဖြင့် ယာဉ်များရပ်တန့်ပြီး ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရန် လုံခြုံရေးအဖွဲ့များအနေဖြင့် စစ်ဆေးကြပ်မတ်ခြင်းကိုလည်း ပြည်သူများကြည်ဖြူစွာ အစစ်ဆေးခံကြသည်ကို တွေ့မြင်ရသည်။

ဘုရားကြီး ရင်ပြင်တော်ပေါ်သို့ အသုတ်လိုက်အသုတ်လိုက်ဖြင့် တက်ရောက်ဖူးမြော်နေကြသည့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများက ပန်းရေချမ်းဖြင့် မာရဝိဇယဘုရားကြီးအား ကပ်လှူပူဇော်ကြခြင်း၊ ပဋ္ဌာန်းဘာဝနာ ပွားများကြခြင်း၊ ဆုတောင်းမေတ္တာပို့သကြခြင်းများဖြင့် စိတ်နှလုံးအေးချမ်းဖွယ်ရှိသည်။

ယနေ့တွင် ဘုရားကြီးအားဖူးမြော်အပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် မှတ်တမ်းဓာတ်ပုံများမှတ်တမ်းတင်ခြင်း၊ စိတ်အေးချမ်းသာစွာသူငယ်ချင်းများဖြင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းများဖြင့် ကြည်နူးစရာမြင်ကွင်းများကိုလည်း တွေ့ရှိရသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားသည့် ရင်ပြင်တော်ပတ်လည်၌ ဂန္ဓကုဋိတိုက် ၂၄ ဆောင်ကို စကျင်ကျောက်များဖြင့် တည်ဆောက်ထားရှိရာ ဘုရားဖူးပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ ဂန္ဓကုဋိတိုက်တော်များအတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုကြသည်။

ထို့ပြင် ဘုရားဖူး ရဟန်းရှင်လူပြည်သူများအနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာ ဋီကာကျမ်းစာများကို တစ်ပါတည်း လေ့လာဖတ်ရှုကြည်ညိုနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်းထားသည့် ကျောက်စာရုံ စေတီတော် အဆူ ၇၂၀ ကို ရုပ်ပွားတော်မြတ်ကြီး၏ ရှေ့မျက်နှာမူရာ တည့်တည့်၌ တည်ဆောက်ပူဇော်ထားရှိရာ စိတ်ဝင်စားစွာ ဖူးမြော်လေ့လာကြည်ညိုကြသည်။

အဆိုပါ ကျောက်စာရုံစေတီတော်များကို မန္တလေးမြို့ မဟာကုသိုလ်တော်ဘုရားကျောက်စာရုံများ ပုံစံယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မည်သည့်ကျောက်စာရုံ၌ ပိဋကတ်သုံးပုံကျမ်းစာများကို လေ့လာသည်ဖြစ်စေ ကျောက်စာရုံများမှ ထွက်သည့်အခါ၌ ဘုရားကြီး၏ မျက်နှာတော်ကို တွေ့မြင်ဖူးမြော် ကြည်ညိုနိုင်ရန်နှင့် ပိဋကတ်သုံးပုံ အဋ္ဌကထာ ဋီကာကျမ်းစာများသည်လည်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာတွင် တည်ရှိနေရန် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ပညာရှင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ပညာရှင်များ၊ အခြားအရပ်ဘက် ကျွမ်းကျင်ပညာရှင်များက စနစ်တကျ တွက်ချက်တည်ဆောက်ထားခြင်းဖြစ်ပြီး ဘုရားဖူးပြည်သူများအနေဖြင့် ဝင်ရောက်ဖူးမြော်ရာ၌ ကျောက်စာရုံစေတီတော်များ၏ ဗိသုကာလက်ရာ၊ အင်ဂျင်နီယာ ပညာရပ်များကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားရှိရာ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ပိဋကတ်တော်လာအဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာ တည်ထားကိုးကွယ်ထားသည့် မုစလိန္ဒကန်နှင့် နဂါးရုံဘုရားတို့ကိုလည်း ဘုရားဖူးပြည်သူများက ကြည်ညိုစွာဖြင့် ဖူးမြော်ကြသည်။

ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဘုရားကျောင်းကန်များအား လာရောက်ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ခေတ္တအနားယူနိုင်စေရေးအတွက် ကျွန်းတိုင်များ အသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရေးမူမပျက် ဆောက်လုပ်ထားသည့် သုခမ္ဘာဇရပ်များတွင်လည်း အေးချမ်းစွာ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ် ၈ ရက်မှစ၍ ၁၆ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း အခမဲ့ လာရောက် ဖူးမြော်ကြည်ညိုနိုင်ရန် ဖွင့်လှစ်ထားရှိရာ ဘုရားဖူးများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ရပ်နီး၊ ရပ်ဝေးမှ ရဟန်း၊ ရှင်လူ ဘုရားဖူး ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဩဂုတ် ၁၉ ရက်အထိ ထပ်မံ၍ ရက်သတ်မှတ်တိုးမြှင့် အခမဲ့ဖူးမြော် ကြည်ညိုခွင့်ပြုပေးသွားမည်ဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဩဂုတ် ၂၀ ရက်နှင့် နောက်ပိုင်း လာရောက်ဖူးမြော်ကြသူများအား မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥယျာဉ်တော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုသိုလ်တော်ဖြစ်ပါဝင်နိုင်ရေး မြန်မာနိုင်ငံသား လူကြီးတစ်ဦးလျှင် ၁၀၀၀ ကျပ်နှင့် နိုင်ငံခြားသားတစ်ဦးလျှင် 10 USD နှုန်းတို့ဖြင့် သတ်မှတ်ကောက်ခံသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်ကို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ Website ဖြစ်သည့် mbiw.myannet.com ၊ www.twitter.com/Maravijaya–နှင့် t.me/Maravijaya တို့တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါကြောင်း နှိုးဆော်အသိပေးထားသည်။

**ဟိန်းထက်ဇော် (မြန်မာ့အလင်း)၊**
**ဓာတ်ပုံ – အိမ့်ဘီလီယံမောင်**



# ကမ္ဘာမှာစကျင်ကျောက်နဲ့ထုဆစ်ထားတဲ့ ဉာဏ်တော်အမြင့်ဆုံး မာရဝိဇယဘုရားကြီးတည်ထားပေးတဲ့အတွက် နောင်အနာဂတ်မှာ အများကြီးအေးချမ်းစေမယ်လို့ ရင်ထဲမှာ ပီတိဖြစ်မိပါတယ်

ဆရာလေး ဒေါ်ပုညစာရီ

နေပြည်တော် ဩဂုတ် ၁၇

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဉယျာဉ် ဝတ္ထုကံတော်အတွင်း တည်ထားသည့် ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှစတင်၍ ရဟန်းရှင်လူ အများပြည်သူတို့ အခမဲ့လာရောက်ဖူးမြော်နိုင်ရန် ဖွင့်လှစ်ထားရှိရာ ဒသမမြောက်နေ့ဖြစ်သည့် ဩဂုတ် ၁၇ ရက်တွင် ဖူးမြော်သူဧည့်ပရိသတ်များ တဖွဲဖွဲ လာရောက်ဖူးမြော်လျက်ရှိသည်ကို မြင်တွေ့ရသည်။**

အဖွဲ့အလိုက် ဘုရားဖူးများ၊ အနယ်နယ်အရပ်ရပ်မှ ဖူးမြော်သူများ၏ ကြည်ညိုသဒ္ဓါအားကောင်းစွာ လှူဒါန်းပူဇော်နေမှုများနှင့် ပျော်ရွှင်စွာ လေ့လာကြည့်ရှုနေမှုများကို မြင်တွေ့ရသည်။ ဘုရားကြီးသို့ လာရောက်ဖူးမြော်သူများ၏ ပီတိစကားများ၊ အနုမောဒနာသာဓုခေါ်သံများနှင့် သဘောထားအမြင်များကို စုစည်းဖော်ပြလိုက်ပါသည်။



ဆရာလေး ဒေါ်ပုညစာရီ



ကိုခိုင်ထွန်းဇော်



ဒေါ်ခင်ဝေ



ဒေါ်ယဉ်ယဉ်အေး



မပြည့်ပြည့်အောင်

**ဆရာလေး ဒေါ်ပုညစာရီ**
**(စစ်ကိုင်းတောင်ရိုး၊ ချမ်းမြေ့သီတာ သီလရှင်စာသင်တိုက်)**

ဆရာလေးက စစ်ကိုင်းတောင်ရိုး ချမ်းမြေ့သီတာ သီလရှင်စာသင်တိုက်က နေ သူငယ်ချင်းတွေစုပေါင်းပြီး မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်တာဖြစ်ပါတယ်။ ဘုရားကြီး စပြီးတည်ကတည်းက ဖူးမြော်လိုတဲ့ဆန္ဒတွေ ဖြစ်နေမိပါတယ်။ အခုလို မာရဝိဇယဘုရားကြီးကို ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးရလို့ ဝမ်းသာပီတိ ဖြစ်ရပါတယ်။ ကမ္ဘာမှာစကျင်ကျောက်နဲ့ထုဆစ်ထားတဲ့ဉာဏ်တော်အမြင့်ဆုံး မာရဝိဇယဘုရားကြီး တည်ထားပေးတဲ့အတွက် နောင်အနာဂတ်မှာ အများကြီးအေးချမ်းစေမယ်လို့ ရင်ထဲမှာ ပီတိဖြစ်မိပါတယ်။ မာရဝိဇယဘုရားကြီးအတွင်း တည်ဆောက်ပေးထားတဲ့ သာသနိကအဆောက်အအုံတွေနဲ့ ဘုရားဖူးပြည်သူတွေအတွက် ကြိုပို့ကားလေးတွေ စီစဉ်ပေးထားတာ ဘုရားဖူးပြည်သူတွေ အားလုံးအတွက် အဆင်ပြေပါတယ်။ ဘုရားကြီးအတွင်း လာရောက်ဖူးမြော်တဲ့ပြည်သူတွေအတွက် အဆင်ပြေစေဖို့ ဖိနပ်စင်လေးတွေကိုလည်း ယခုထက်ပိုပြီး စီစဉ်လုပ်ပေးထားရင် ပိုပြီးတင့်တယ်စေမယ်လို့ ဆရာလေး မြင်မိပါတယ်။

**ကိုခိုင်ထွန်းဇော် (ဇေယျာသီရိမြို့နယ်)**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဉယျာဉ်ဝတ္ထုကံတော်မှာ တည်ထားပူဇော် အောင်မြင်ခဲ့တဲ့ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ရဟန်း၊ ရှင်လူ၊ ဘုရားဖူးပြည်သူအပေါင်း အခမဲ့လာရောက်ဖူးမြော်နိုင်ဖို့ ဩဂုတ် ၈ ရက်ကနေ ၁၆ ရက်အထိ အခမဲ့ ဖူးမြော်နိုင်တယ်လို့ သိရှိရပါတယ်။ ဒါပေမယ့် နိုင်ငံပိုင်သတင်းစာတွေကို ဖတ်မိတဲ့အခါ ဩဂုတ် ၁၇ ရက်ကနေ ၁၉ ရက်အထိ ရက်သတ်မှတ်ထပ်တိုးထားတယ်ဆိုတာ သိရတဲ့အတွက် ဒီနေ့ လာရောက်ဖူးမြော်တာဖြစ်ပါတယ်။

ရပ်ကွက်မှာရှိတဲ့မိသားစုတွေ၊ ရပ်ဆွေရပ်မျိုးတွေစုပေါင်းပြီး လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ ဘုရားကြီးပရိဝုဏ်ထဲ စပြီးရောက်ရှိပြီဆိုကတည်းက စိတ်နှလုံးကြည်နူးမဆုံးဖြစ်မိပါတယ်။ ဘုရားကြီး ရင်ပြင်တော်ပေါ် တက်ရောက်တဲ့အခါ ရဟန်းရှင်လူ သက်ကြီးဘိုးဘွားတွေအတွက် စက်လှေကားလည်း စီစဉ်ပေးထားတာတွေ့ရတော့ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဘုရားကြီးရဲ့ရင်ပြင်တော်ပေါ်မှာလည်း ဘုရားဝတ်ပြုသူတွေ၊ တရားရွတ်ဖတ်သူတွေနဲ့ ကြည်နူးစရာကောင်းလှပါတယ်။ ကျောက်စာရုံစေတီတွေ၊ မဟာဗောဓိညောင်ပင်ကိုလည်း ဖူးမြော်လေ့လာခဲ့ပါတယ်။

**ဒေါ်ခင်ဝေ**
**(ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်)**

နေပြည်တော်မှာ တည်ထားကိုးကွယ်တဲ့ မာရဝိဇယဘုရားကြီးကို လိုင်းကားစီးပြီး လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ မာရဝိဇယဘုရားကြီးကို ကြည်ညိုဖူးမြော်လို့မဝနိုင်အောင် ဖြစ်ရပါတယ်။ ဘုရားကြီးရင်ပြင်ပေါ်ကိုရောက်တော့ သဒ္ဓါကြည်ညိုစိတ်တွေ တဖွားဖွားပေါ်ပေါက်လာပါတယ်။ ဘုရားကြီးဖူးပြီးမှ ပိုပြီးသဒ္ဓါကြည်ညိုစိတ်တွေ ပိုပြီးများလာတာ တွေ့ရပါတယ်။ ဒီမာရဝိဇယဘုရားကြီးအတွင်း တည်ဆောက်ထားတဲ့ အဆောက်အအုံတွေ အားလုံး တော်တော်များများလည်း ပြည့်စုံကောင်းမွန်ပါတယ်လို့ ပြောချင်ပါတယ်။ သက်ကြီးဘိုးဘွားတွေအတွက် ဘုရားကြီးအတွင်း မပင်ပန်းရအောင် ကြိုပို့ကားလေးတွေနဲ့ လိုက်ပို့ပေးတာ ကောင်းပါတယ်။ မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ကြတဲ့ ဘုရားဖူးပြည်သူတွေကို ဘုရားကြီးအတွင်းက သက်ဆိုင်ရာ တာဝန်ရှိသူတွေက ဝိုင်းဝန်းကူညီကြပါတယ်။ ဒီဘုရားကြီးကို ကျွန်မနဲ့အတူ ၁၃ ဦး လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ ဇာတိမြေကို ပြန်လည်ရောက်ရှိတဲ့အခါလည်း မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ကြဖို့ မုဒိတာပွား တိုက်တွန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ နောက်လည်း လာရောက်ဖူးမြော်ချင်ပါသေးတယ်။

**ဒေါ်ယဉ်ယဉ်အေး( နေပြည်တော်)**

မာရဝိဇယဘုရားကြီးကို ဒုတိယအကြိမ်မြောက် လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ အရင်အပတ် ဗုဒ္ဓဟူးနေ့က ပထမအကြိမ် လာရောက်ဖူးမြော်ခဲ့ပြီးပါပြီ။ မိသားစုနဲ့အတူ မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ရတာ စိတ်ထဲမှာ ဝမ်းသာကြည်နူးမိပါတယ်။ မာရဝိဇယဘုရားကြီး စပြီးတည်မယ်လို့ ကြားသိရကတည်းက ဖူးချင်တယ်လို့ ပြောနေတာ၊ ကိုယ်တိုင်လာရောက်ဖူးရလို့ ကျေနပ်မိပါတယ်။ ရာသီဥတု ကြည်လင်ကောင်းမွန်တဲ့နေ့ တစ်နေ့ကျရင် နောက်တစ်ကြိမ် လာရောက်ဖူးမြော်ပါဦးမယ်။ ဓာတ်နိပါတ်တော်တွေ လေ့လာကြည်ညိုပြီး ဘာဝနာတွေပွားများရသလို၊ ကျောက်စာရုံစေတီတွေဖူးမြော်ပြီး ကိုယ့်ဘာသာ ကမ္ဘာကို သိရှိ ပြသနိုင်အောင် အမြော်အမြင်ရှိရှိနဲ့ တည်ထားပေးတဲ့ ဦးဆောင်ဘုရားဒကာနဲ့ အလှူရှင်တွေကိုလည်း မေတ္တာပို့သပါတယ်။ မြန်မာနိုင်ငံအတွက်လည်း အတိုင်းမသိ ဂုဏ်ယူမိပါတယ်။

**မပြည့်ပြည့်အောင် (မိတ္ထီလာမြို့နယ်)**

မာရဝိဇယဘုရားကြီးကို ပထမအကြိမ် လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ ရွာကလည်း နေ့တိုင်းလိုလို မာရဝိဇယဘုရားကြီး ဖူးမြော်ချင်လို့ ကားတွေစီးပြီး လာရောက်နေကြတာတွေ ရှိပါတယ်။ ဘုရားကြီးက ကြီးကျယ်ခမ်းနားပါတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်ဘာသာ ပိုပိုပြီး ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်ဖို့ လူကြီးမိဘတွေအနေနဲ့ ကလေးငယ်တွေကိုလည်း ဖူးမြော်ကြည်ညိုလေ့လာနိုင်စေဖို့ လိုက်ပါပို့ဆောင်ပေးစေချင်ပါတယ်။ စကျင်ကျောက်တွေ မြန်မာနိုင်ငံမှာ အင်မတန်ထွက်တယ်ဆိုတဲ့ အသိလေးကို နောင်လာနောက်သား ကလေးသူငယ်တွေကနေ မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပြီး နိုင်ငံချစ်စိတ်၊ ဘာသာတရားချစ်စိတ်၊ လူမျိုးချစ်စိတ်တွေ ပေါက်ဖွားလာမယ့်ဘုရားကြီးလည်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ နောက်တစ်ခေါက် လာရောက်ဖူးမြော်ချင်ပါသေးတယ်။

**မနန်းမိုးပွင့်ဖြူ၊ ကျောင်းသူ**
**(ဇေယျာသီရိမြို့နယ်)**

ကျွန်မကတော့ ဇေယျာသီရိမြို့နယ်က မိသားစုနဲ့ လာရောက်ဖူးမြော်တာ ပထမဦးဆုံးဖြစ်ပါတယ်။ မာရဝိဇယဘုရားကြီးကို စပြီးဖူးလိုက်တဲ့အချိန်မှာ ရင်ထဲမှာ အေးချမ်းပြီးတော့ ကြည်ညိုစိတ် ဖြစ်ပေါ်ပါတယ်။ စိတ်လည်း အလွန်ချမ်းသာပါတယ်။ ကျောင်းကလည်း မာရဝိဇယဘုရားကြီးကို ဖူးမြော်ဖို့ လိုက်ပို့မယ်လို့လည်း ပြောပါတယ်။

ရုပ်မြင်သံကြားမှာ စတွေ့လိုက်တော့ ဘုရားကြီးဟာ ကြည်ညိုစရာအလွန်ပဲကောင်းပါတယ်။ ဘုရားကြီးကို ဖူးမြော်လိုတဲ့ဆန္ဒတွေ အတိုင်းမသိဖြစ်လာတဲ့အတွက် မိသားစုတွေနဲ့ လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ မာရဝိဇယဘုရားကြီးကို သူငယ်ချင်းတွေနဲ့ ဆွေမျိုးတွေကို တစ်ခေါက်လောက်တော့ လာရောက်ဖူးစေချင်ပါတယ်။

မြန်မာနိုင်ငံတစ်ဝန်းက ကျောင်းသားကျောင်းသူတွေကိုလည်း ဘုရားကြီးကို လာရောက်ဖူးမြော်ကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

**ဟိန်းထက်ဇော်၊**
**နေဝင်းထွန်း (မြန်မာ့အလင်း)**
**ဓာတ်ပုံ- ဟိန်းထွန်း**

## ကျောက်ဖြူမြို့နယ်၌ မိုးစပါးစံပြစိုက်ခင်းများနှင့် မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ကျောက်ဖြူ ဩဂုတ် ၁၇**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဂုံးချိန်ကျေးရွာအုပ်စု လယ်ဒါပြင်ကွင်း ကွင်းအမှတ် (၄၅၁) ၌ စိုက်ပျိုးထားရှိသော မိုးစပါး စံပြစိုက်ခင်းများနှင့် မွေးမြူရေးလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲလင်းမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လယ်ဒါပြင်ကွင်း ကွင်းအမှတ် (၄၅၁) သို့ သွားရောက်ကြည့်ရှုကြရာ စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်/မြို့နယ် ဦးစီးမှူးများက မိုးစပါး တစ်ဧကအထွက်နှုန်း တိုးတက်စေရေးအတွက် စနစ်တကျ စိုက်ပျိုးလျက်ရှိကြောင်း၊ တစ်ဧက ကောက်ကွက်ပြည့်မီစေရေး၊ ကောက်ပင်အတိမ်အနက်နှင့် ချက်ချင်းနုတ် ချက်ချင်းစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဧကလျာထားချက်ထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်စေရေး မှာကြားကာ အောင်မြင်ဖြစ်ထွန်းနေသည့် စပါးခင်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အဆိုပါကျေးရွာ၌ မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥစားကြက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကြက်ခြံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဥစားကြက်မွေးမြူရေးလုပ်ငန်းရှင်များက ဥစားကြက်မွေးမြူထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဥစားကြက်ခြံအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး၊**
**ဖြိုးဝေလင်း(ပြန်/ဆက်)**

# စီးပွားဖြစ်လယ်ယာကုန်ထုတ်လုပ်ငန်းများပေါ်ထွန်းလာရေး ကျေးရွာသူ ကျေးရွာသားများ အားလုံးပူးပေါင်း လုပ်ဆောင်

**နေပြည်တော် ဩဂုတ် ၁၇**

ကျေးလက်နေပြည်သူများ၏ တစ်ဦးချင်းဝင်ငွေ တိုးပွားစေရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ကြခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ ဝင်ငွေနှင့် လူနေမှုဘဝမြင့်မားရေးကို နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် မိမိတို့ဝန်ကြီးဌာနက ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ ဒေသနေပြည်သူများအနေဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယနေ့မွန်းလွဲပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ညောင်လူးကျေးရွာ၊ ကျောင်းစုကျေးရွာ၊ တပ်ကုန်းမြို့နယ် ငွေးပင်ကျေးရွာ၊ ရှားတောကျေးရွာနှင့် အေးချမ်းသာစံပြကျေးရွာ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ် ညောင်လူးကျေးရွာသို့ရောက်ရှိပြီး ညောင်လူးကျေးရွာ၊ ကျောင်းစုကျေးရွာဒေသခံပြည်သူများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေ တစ်မိသားစုချင်း၏ ဝင်ငွေတိုးပွားရေး မိုးစပါးအပြီး ဆောင်းသီးနှံနှင့် နွေသီးနှံများစိုက်ပျိုးနိုင်ရေး လိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ သွင်းအားစုနှင့် နည်းပညာများ ကူညီပေးမည်ဖြစ်ကြောင်း၊ ကျေးရွာရှိ စိတ်တူကိုယ်တူ ဆန္ဒတူသူများ စုပေါင်း၍ သမဝါယမအသင်းထူထောင်ပြီး စီးပွားဖြစ်လယ်ယာကုန်ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာရေး ကျေးရွာသူကျေးရွာသားများ အားလုံးပူးပေါင်း လုပ်ဆောင်ကြရန်နှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြီး ဒေသခံပြည်သူများမှ ကျေးရွာလိုအပ်ချက် တင်ပြချက်မှုအပေါ် အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးကာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ဖွင့်လှစ်ပို့ချလျက်ရှိသော အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုး ပြုပြင်ခြင်း သင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တပ်ကုန်းမြို့နယ်၊ ငွေးပင်ကျေးရွာပြည်သူများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်နှင့် ဌာနဆိုင်ရာများက စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ခြင်းနှင့် နည်းပညာအကူအညီများ ဆောင်ရွက်ပေးပြီးဖြစ်၍ တောင်သူများအနေဖြင့် အဆိုပါ စိုက်ပျိုးမြေများပေါ်တွင် အမှန်တကယ်စိုက်ပျိုးကြရန်၊ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ကြရန်၊ ကိုယ်လုပ်မှ ကိုယ်ရမည်ဖြစ်၍ ကျေးရွာခေါင်းဆောင်များကလည်း စည်းရုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိုးသီးနှံအပြီး ဆောင်းသီးနှံနှင့် နွေသီးနှံများသီးထပ်(၃)သီး စိုက်ပျိုးခြင်းအားဖြင့် ကျေးရွာတောင်သူများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်သည့်အတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကျေးရွာရှိဝက်မွေးမြူသူများ အနေဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ အကူအညီရယူပြီး ဝက်များ စနစ်တကျမွေးမြူနိုင်ရေး တာဝန်ရှိသူများက ချိတ်ဆက်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ငွေးပင်ကျေးရွာစနစ်ကျလယ်ယာမြေ ၇၉ ဒသမ ၈၈ ဧကပေါ်တွင် မိုးစပါးစိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဥတ္တရသီရိမြို့နှင့် ရှားတောကျေးရွာ ဆက်သွယ်သောလမ်းကွန်ကရစ်ခင်းခြင်း ဆောင်ရွက်နေမှု**(အပေါ်ပုံ)**၊ အေးချမ်းသာစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF)ဖြင့် ဝက်မွေးမြူရေး အစုအဖွဲ့နှစ်ဖွဲ့မှ DYL ဝက်မျိုးများ မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး လားရှိုးမြို့နယ် မွေးမြူရေးသမဝါယမအသင်းများအား တွေ့ဆုံမှာကြား

**နေပြည်တော် ဩဂုတ် ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ပန်ဟတ်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း RBF ရန်ပုံငွေဖြင့် နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နွားစာအတွက် နေပီယာမြက်များ တိုးချဲ့စိုက်ပျိုးရန်၊ နွားမျိုးကောင်းမျိုးသန့်များ ရရှိရေးအတွက် မျိုးချောင်းစနစ်ဖြင့် မျိုးစပ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် လားရှိုးမြို့နယ် ခေးနင်းကျေးရွာရှိ ခိုင်ရတနာ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၏ နွားမွေးမြူရေးခြံသို့ သွားရောက်ကာ အသင်းအမှုဆောင်များ၊ အသင်းသားများနှင့်တွေ့ဆုံပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေး၍ နွားမွေးမြူထားမှု၊ နွားခြံတည်ဆောက်ထားမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဒုတိယဝန်ကြီးသည် လားရှိုးမြို့နယ် နောင်မွန်ကျေးရွာရှိ ခိုင်နေကြာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၏ ဝက်မွေးမြူရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး မျိုးကောင်းမျိုးသန့်ဝက်များ တိုးချဲ့မွေးမြူရန်၊ ဝက်ခြံများကို ကျန်းမာရေးနှင့်ညီညွတ်အောင် စနစ်တကျတည်ဆောက်ရန်၊ အသင်းသူအသင်းသားများ လူမှုစီးပွားဘဝမြင့်မားလာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် လားရှိုးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ခေးခန်းကျေးရွာနှင့် တောင်နောက်ကျေးရွာတို့ကို ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်း ၃/၆ မိုင် အနက် (၇) ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနစရိယ ဒေါက်တာ ဘဒ္ဒန္တပုညနန္ဒအား သွားရောက်ဖူးမြော်ကန်တော့ကာ ဝါဆိုသင်္ကန်းနှင့်တကွ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ လားရှိုးမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ သွားရောက်ကာ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာသော ဒေသအကျိုးပြု၊ နိုင်ငံအကျိုးပြု လူငယ်လူရွယ်များ ဖြစ်စေရေး တိုက်တွန်းမှာကြား၍ ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

○ *ကျောဖုံးမှ*

မန်စီးတီးအသင်းသည် ပြိုင်ဘက်ဆီဗီလာအသင်းကို ခြေစွမ်းအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။ ဆီဗီလာအသင်းက မန်စီးတီးအသင်းဘက်သို့ ဂိုးကန်သွင်းခွင့်ပေါင်း ရှစ်ကြိမ်တွင် ဂိုးပေါက်တည့်မတ်မှု လေးကြိမ်သာရှိခဲ့သည်အထိ ခြေစွမ်းအဆိုးဘက် ဦးတည်ခဲ့သည်။

**ဂိုးပေါက်တည့်မတ်မှု ခုနစ်ကြိမ်အထိရှိခဲ့**

မန်စီးတီးအသင်းက ဂိုးကန်သွင်းခွင့် ၂၃ ကြိမ်ထက်မနည်း ရရှိခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု ခုနစ်ကြိမ်အထိရှိခဲ့သည်။ မန်စီးတီးအသင်းရော ဆီဗီလာအသင်းပါ ဂိုးရရှိနိုင်သည့် အခွင့်အရေးကောင်း သုံးကြိမ်ထက်မနည်း ရရှိခဲ့သော်လည်း ရလဒ်ပြတ်သားစွာထွက်ပေါ်ရန် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပေ။

**ယှဉ်ပြိုင်ကစားရမည်**

မန်စီးတီးအသင်းသည် လာမည့်ပွဲစဉ်တွင် ခြေစွမ်းထက်မြက်သည့် နယူးကာဆယ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဆီဗီလာအသင်းက ဒီပို့တီဗိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ **အောင်ဇော်**

# မြောင်းမြ၌ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်

**မြောင်းမြ ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေး စီမံကိန်းပါ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းဖြစ်သည့် အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြစိမ်းရောင်တောင် သုဒဿနဓမ္မာရုံ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် မြောင်းမြခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ဝေဝေလင်းက သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် ဆိုင်ကယ် အစိတ်အပိုင်းများ အလုပ်လုပ်ပုံ၊ ကိုယ်ထည်ကာဗာများ ဖြုတ်တပ်ခြင်း၊ ကာဗျူရေတာ၊ အင်ဂျင်ဟက်နှင့်အင်ဂျင်ဘလောက်များ၊ ဂီယာဘောက်များ ဖြုတ်တပ်စစ်ဆေးခြင်း၊ မီးပေးစနစ်ပိုင်းဆိုင်ရာ ချိတ်ဆက်အလုပ်လုပ်ပုံများကို သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကာလမှာ ၁၇-၈-၂၀၂၃ ရက်မှ ၁၅-၉-၂၀၂၃ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ကျေးရွာများမှ သင်တန်းသား ၁၀ဦးတက်ရောက်သင်ကြားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အာဆီယံဒေသတွင်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆု

**အာဆီယံနိုင်ငံများအနေဖြင့် ကုန်ထုတ်နိုင်စွမ်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လုပ်သားထုပေါ်ပေါက်လာစေရန် အန္တရာယ်ကင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်ဖန်တီးပေးခြင်းတွင် အထောက်အကူဖြစ်စေရန် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် (ASEAN Occupational Safety and Health Network, ASEAN-OSHNET) ကို ၂၀၀၀ ပြည့်နှစ်တွင် အာဆီယံနိုင်ငံများက လက်မှတ်ရေးထိုး၍ ဖွဲ့စည်းထူထောင်ခဲ့ကြသည်။**

မိုး(အလရ)

ASEAN-OSHNET အနေဖြင့် ဒေသတွင်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် အဆင့်မြှင့်တင်နိုင်ရေး အဖွဲ့ဝင်နိုင်ငံများ ဆွေးနွေးညှိနှိုင်း၍ လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိအမြင်များ မျှဝေနိုင်ရေး ညီလာခံများ ကျင်းပခြင်းတို့ကို နှစ်စဉ်ကျင်းပသည့်အပြင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အလေးထား ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များအား အသိအမှတ်ပြုသည့်အနေဖြင့် နှစ်နှစ်လျှင်တစ်ကြိမ် ဆုချီးမြှင့်ပေးလျက်ရှိသည်။

ဒေသတွင်း အကောင်းဆုံးလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်ကောင်းမွန်သည့် ကုမ္ပဏီများကို အများပြည်သူသိရှိစေရန်နှင့် ချီးမြှင့်ပေးရန်၊ ဒေသတွင်းလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးပုံရိပ်အား မြှင့်တင်ပေးရန်၊ ဒေသတွင်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက်အောင် ဆောင်ရွက်လိုသည့် ဆန္ဒများ ဖြစ်ပေါ်လာစေရန်၊ ဒေသတွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ရေးကောင်းမွန်သည့် ပုံရိပ်များ ဖြစ်ပေါ်လာစေရန်၊ ဒေသတွင်း ကျင့်သုံးနေသည့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအလေ့အထများကို လုပ်ငန်းများအကြား ကျင့်သုံးနိုင်စေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ရွေးချယ်ချီးမြှင့် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

**စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ရွေးချယ်**

အဆိုပါ ကွန်ရက်အနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်များအား ရွေးချယ်နိုင်ရေး ဆုလျှောက်လွှာပုံစံများ၊ ဆုရွေးချယ်ရေးစံနှုန်း သတ်မှတ်ချက်များကို ရေးဆွဲသတ်မှတ်ထားပြီးဖြစ်သည်။ ASEAN-OSHNET အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်သည့် လုပ်ငန်းများအား ASEAN-OSHNET ၏ဆုရွေးချယ်ရေး စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ရွေးချယ်၍ ASEAN-OSHNET ဆုချီးမြှင့်ခြင်း အခမ်းအနားမတိုင်မီ အမည်စာရင်း ပေးပို့ရသည်။

**ဆုအမျိုးအစား နှစ်မျိုးသတ်မှတ်**

ASEAN-OSHNET Excellence Award နှင့် ASEAN-OSHNET Best Practices Award ဟူ၍ ဆုအမျိုးအစား နှစ်မျိုး သတ်မှတ်၍ ဆုရွေးချယ်ရေး စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ချီးမြှင့်




4th ASEAN-OSHNET Award ဆုများ ချီးမြှင့်စဉ်။

ပေးလျက်ရှိရာ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းခွင်များတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအခြေအနေအပေါ် မူတည်၍ ကိုက်ညီသည့် ဆုအမျိုးအစားကို လျှောက်ထားနိုင်မည်ဖြစ်သည်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် ထူးခြားကောင်းမွန်စွာ ဆောင်ရွက်ထားသည့်လုပ်ငန်းများသည် ASEAN-OSHNET Excellence Award အား လျှောက်ထားနိုင်ပြီး မည်သည့် ကုန်ထုတ်လုပ်ငန်းမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည် ဖြစ်ပါသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အလေ့အထ၊ ကျင့်စဉ်များ ချမှတ်ဆောင်ရွက်မှုကို အားပေးချီးမြှောက်ရန် ရည်ရွယ်၍ အလုပ်သမား ၅၀ မှ ၃၀၀ လုပ်ကိုင်သည့် ကုန်ထုတ်လုပ်ငန်းများနှင့် အလုပ်သမား ၃၀၀ မှ ၆၀၀ လုပ်ကိုင်သည့် လုပ်သားအခြေပြုလုပ်ငန်းများအနေဖြင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အကောင်းဆုံး ဆောင်ရွက်ထားပါက ASEAN-OSHNET Best Practices Award ကို ချီးမြှင့်ပေးလျက်ရှိပါသည်။

အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသည် အာဆီယံ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆု ချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံမှ စက်ရုံ၊ အလုပ်ရုံများ ရရှိစေရေးအတွက် ASEAN-OSHNET က ချမှတ်ထားသည့် စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနသည် သက်ဆိုင်ရာဌာနနှင့် ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် ဆုရွေးချယ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းကုမ္ပဏီများမှ လုပ်ငန်းပိုင်ရှင်များ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆုများ ယှဉ်ပြိုင်လျှောက်ထားနိုင်ရေး အများပြည်သူများ သိရှိရန် ကြေညာခြင်း၊ လျှောက်လွှာများ စိစစ်အကဲဖြတ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းတို့ ဆောင်ရွက်၍ ASEAN-OSHNET ၏ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ အကဲဖြတ် ရွေးချယ်ပါသည်။ အကဲဖြတ်ရွေးချယ်ထားသည့် စက်ရုံများသည် ASEAN-OSHNET က ချီးမြှင့်သည့် ဆုရရှိမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံဒေသတွင်း လုပ်ငန်းပိုင်ရှင်များ၊ နိုင်ငံတကာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်သည့် ASEAN-OSHNET ညီလာခံတွင် မိမိလုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်နေသည့် အခြေအနေများ ရှင်းလင်းတင်ပြနိုင်သည့် အခွင့်အရေး ရရှိမည်ဖြစ်သည်။

**လုပ်ငန်းခွင်ဖန်တီးရာတွင် အထောက်အကူဖြစ်**

ထို့ပြင် ASEAN- OSHNET ညီလာခံသို့ တက်ရောက်ခြင်းဖြင့် အာဆီယံ ဒေသတွင်းနှင့် နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသည့် နည်းပညာများနှင့်အညီ ကျင့်သုံးနေသည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို လေ့လာသိရှိနိုင်မည်ဖြစ်ပြီး မိမိလုပ်ငန်းခွင်တွင် ပိုမိုကောင်းမွန်သည့် လုပ်ငန်းခွင်အခြေအနေများ ဖန်တီးရာတွင် အထောက်အကူဖြစ်စေသည့် အသိအမြင်များ တိုးတက်လာမည် ဖြစ်သည်။

ASEAN-OSHNET Excellence Award နှင့် ASEAN-OSHNET Best Practices Award လျှောက်ထားသည့် အလုပ်ရှင်များသည် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနက သတ်မှတ်ထားသည့် လျှောက်လွှာပုံစံနှင့်အတူ မိမိစက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်း၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ထားမှု မှတ်တမ်းစာအုပ်၊ အကျဉ်းချုပ်ရှင်းလင်းတင်ပြချက် မိနစ် ၃၀ ခန့် Power Point Presentation တို့အား ပြင်ဆင်ပေးပို့ရန် လိုအပ်ပြီး ဆုရွေးချယ်ရေးအဖွဲ့၏ လူတွေ့စစ်ဆေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းတို့ကို ခံယူရမည်ဖြစ်သည်။

**မိမိလုပ်ငန်း၏ ပုံရိပ်ကို မြှင့်တင်**

ASEAN-OSHNET ဆုများကို ၂၀၁၆ ခုနှစ်မှစ၍ နှစ်နှစ်လျှင် တစ်ကြိမ် ရွေးချယ်ချီးမြှင့် ပေးလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်၊ ၂၀၁၈ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များတွင် Excellent Award အတွက် စက်ရုံလေးရုံ၊ Best Practices Award အတွက် စက်ရုံလေးရုံတို့ကို ရွေးချယ်ပေးနိုင်ခဲ့ပြီး ASEAN-OSHNET ဆုချီးမြှင့်ခြင်း အခမ်းအနားများသို့ တက်ရောက်ပြီး ဆုများရယူနိုင်ခဲ့သည်။ ASEAN-OSHNET ဆုများအား ယှဉ်ပြိုင်လျှောက်ထားခြင်းကြောင့် လုပ်ငန်းပိုင်ရှင်များအနေဖြင့် လုပ်ငန်းခွင်ရှိ အလုပ်သမားများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လုပ်ငန်းခွင်များဖြစ်စေရေး ဖန်တီးဆောင်ရွက်ပေးနေမှု အခြေအနေများအား ပြသပြီး မိမိလုပ်ငန်းခွင်၏ ဂုဏ်သိက္ခာ အဆင့်မြှင့်တင်နိုင်ခြင်း၊ အလုပ်သမားများအတွက် ကောင်းမွန်သည့် လုပ်ငန်းခွင်အဖြစ် ဖန်တီးဆောင်ရွက်ပေးနေသည့် လုပ်ငန်းအဖြစ် အသိအမှတ်ပြုခံရသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်ရာတွင် အထောက်အကူ ဖြစ်နိုင်ခြင်း၊ မြန်မာနိုင်ငံရှိ လုပ်ငန်းပိုင်ရှင်များသည်လည်း အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ ယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်း ပြသနိုင်ခြင်းတို့ကြောင့် မိမိလုပ်ငန်း၏ ပုံရိပ်ကို မြှင့်တင်ပေးနိုင်သည့် အခွင့်အရေးတစ်ရပ်ပင် ဖြစ်ပါသည်။

**၂၀၂၄ ခုနှစ်တွင် (၅) ကြိမ်မြောက် ASEAN-OSHNET လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆု ချီးမြှင့်ပွဲ အခမ်းအနားကို စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် အလှည့်ကျ ကျင်းပပြုလုပ်မည်ဖြစ်ရာ ၂၀၂၄ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် ဆုလျှောက်လွှာများ ခေါ်ယူခြင်းနှင့် ဆုရွေးချယ်သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်မည်ဖြစ်သည့်အတွက် လုပ်ငန်းပိုင်ရှင်များအနေဖြင့် မြန်မာနိုင်ငံ ကိုယ်စားပြုဆုများရယူနိုင်ရေး ပါဝင်ယှဉ်ပြိုင် လျှောက်ထားကြရန် တိုက်တွန်းအပ်ပါသည်။**

ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လုပ်ငန်းခွင်များဖြစ်အောင် ဆောင်ရွက်ပေးနိုင်ပါက အလုပ်သမားများ၏ ကုန်ထုတ်စွမ်းရည်တိုးတက်ပြီး လုပ်ငန်းများအကြား ယှဉ်ပြိုင်စွမ်းအား မြင့်တက်လာမည် ဖြစ်သည့်အတွက် လုပ်ငန်းပိုင်ရှင်များအနေဖြင့် လုပ်ငန်းခွင်များတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ယဉ်ကျေးမှုအဆင့်မြှင့်တင်နိုင်ရေး တတ်စွမ်းသမျှ ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ။

**“လုပ်ငန်းပိုင်ရှင်များအနေဖြင့် လုပ်ငန်းခွင်ရှိ အလုပ်သမားများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လုပ်ငန်းခွင်များဖြစ်စေရေး ဖန်တီးဆောင်ရွက်ပေးနေမှုအခြေအနေများအား ပြသပြီး မိမိလုပ်ငန်းခွင်၏ ဂုဏ်သိက္ခာ အဆင့်မြှင့်တင်နိုင်ခြင်း၊ အလုပ်သမားများအတွက် ကောင်းမွန်သည့် လုပ်ငန်းခွင်အဖြစ် ဖန်တီးဆောင်ရွက်ပေးနေသည့် လုပ်ငန်းအဖြစ် အသိအမှတ်ပြုခံရသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်ရာတွင် အထောက်အကူဖြစ်နိုင်ခြင်း၊ မြန်မာနိုင်ငံရှိ လုပ်ငန်းပိုင်ရှင်များသည် လည်းအာဆီယံဒေသတွင်း နိုင်ငံများနည်းတူ ယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်း ပြသနိုင်ခြင်းတို့ကြောင့် မိမိလုပ်ငန်း၏ ပုံရိပ်ကို မြှင့်တင်ပေးနိုင်သည့် အခွင့်အရေးတစ်ရပ်ပင်ဖြစ်”**

# နျူကလီးယားနှင့်ဆက်စပ်နယ်ပယ်များတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံတက္ကသိုလ်များမှ ဘွဲ့ရရှိခဲ့ကြသော မြန်မာနိုင်ငံမှ ကျောင်းသားဟောင်းများ၊ ရုရှားတက္ကသိုလ်များမှ ဆရာ၊ ဆရာမများနှင့် ROSATOM မှ ကိုယ်စားလှယ်များ၏ ပထမဆုံးအကြိမ်တွေ့ဆုံပွဲ ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း "ROSATOM" နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်း၍ နျူကလီးယားနှင့်ဆက်စပ်နယ်ပယ်များတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တက္ကသိုလ်များမှ ဘွဲ့ရရှိခဲ့ကြသော မြန်မာနိုင်ငံမှ ကျောင်းသားဟောင်းများ၊ ရုရှားတက္ကသိုလ်များမှ ကိုယ်စားလှယ်များနှင့် ROSATOM မှ ကိုယ်စားလှယ်များ၏ ပထမဆုံးအကြိမ်တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ၌ ကျင်းပသည်။

အခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း "ROSATOM" မှ Ms. Vera Upirova, Senior project manager ဦးဆောင်သည့် ROSATOM မှ ကိုယ်စားလှယ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ကိုယ်စားလှယ်များနှင့် ရုရှားတက္ကသိုလ်များရှိ နျူကလီးယားနည်းပညာနှင့် ဆက်စပ်ပညာရပ် နယ်ပယ်များတွင် တက်ရောက်ပညာသင်ကြားခဲ့ကြပြီး မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနများတွင် လက်ရှိတာဝန်ထမ်းဆောင်နေကြသော ကျောင်းသားဟောင်းများ၊ ရုရှားနိုင်ငံရှိ တက္ကသိုလ်များတွင် သွားရောက်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများအပါအဝင် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး ရုရှားနိုင်ငံတွင် ယခုလက်ရှိ ပညာသင်ကြားနေကြသော မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများက online စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ကျောင်းသားဟောင်းများ တွေ့ဆုံပွဲကို မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ နိုင်ငံတော်သီချင်းများဖြင့်ဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများသည် ပညာရေးကဏ္ဍ၊ နျူကလီးယားနည်းပညာကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍနှင့် အခြားသောကဏ္ဍများတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား အပြန်အလှန် မိတ်ဖက်ဆက်ဆံရေး မြှင့်တင်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ၎င်းတို့၏ အတွေ့အကြုံများကို အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း၊ MEPhI တက္ကသိုလ် ကျောင်းသား ဟောင်းများက Interview ဖြေဆိုခြင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ လဲလှယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပဒေရေးရာဝန်ကြီးဌာနက ဥပဒေဘာသာပြန်စာအုပ်အမှတ် (၁၂) "ယုံမှတ်အပ်နှံမှုအက်ဥပဒေ" စာအုပ်ထုတ်ဝေ

**နေပြည်တော် ဩဂုတ် ၁၇**

ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာသို့ ပြန်ဆိုပြီးသည့် ဥပဒေများကို စာအုပ်ထုတ်ဝေလျက်ရှိရာ ဘာသာပြန်စာအုပ်အမှတ် (၁၂) ယုံမှတ်အပ်နှံမှု အက်ဥပဒေ (The Trusts Act) စာအုပ်ကို ထုတ်ဝေလိုက်သည်။

ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေအရ ၂၀၁၅ ခုနှစ်တွင် ဥပဒေဘာသာပြန် ကော်မရှင်အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ကာ ဥပဒေပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့်အဖွဲ့ဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အင်္ဂလိပ်ကိုလိုနီခေတ်က အင်္ဂလိပ်ဘာသာဖြင့်ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုလျက်ရှိရာ ယခုအကြိမ်တွင် ဘာသာပြန်စာအုပ်အမှတ် (၁၂) ယုံမှတ်အပ်နှံမှု အက်ဥပဒေ (The Trusts Act) ကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့ခြင်း ဖြစ်သည်။




အဆိုပါ စာအုပ်သည် ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အရ မူလစာမူနှင့် အလားတူအာဏာတည်ကြောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဥပဒေဘာသာပြန်ကော်မရှင်၏ အမိန့်အမှတ် ၁/၂၀၂၃ ဖြင့် အတည်ပြု ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယခု ဘာသာပြန်စာအုပ် အမှတ် (၁၂) ယုံမှတ်အပ်နှံမှု အက်ဥပဒေ (The Trusts Act) စာအုပ်၏ မြန်မာဘာသာပြန်ဆိုချက်များကို မူလစာမူနှင့် ယှဉ်တွဲဖတ်ရှု လေ့လာနိုင်ရန်အတွက် မူလအင်္ဂလိပ်စာမူကိုလည်း ထည့်သွင်းဖော်ပြထားသည်။

သို့ဖြစ်၍ ယခု ဘာသာပြန်စာအုပ်အမှတ် (၁၂) ယုံမှတ်အပ်နှံမှုအက်ဥပဒေ (The Trusts Act) စာအုပ်သည် တရားဝင်ကိုးကားသုံးစွဲနိုင်ပြီး ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာ လေ့လာလိုသူများအတွက် အဖိုးတန်သောစာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး လူတိုင်းအတွက် ထားရှိသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ပွဲစဉ် (၈) တွင် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းက Young Lionesses အသင်းကို ခုနစ်ဂိုး – ဂိုးမရှိ၊ သစ္စာအားမာန်အသင်းက အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းကို သုံးဂိုး – တစ်ဂိုးဖြင့် အနိုင်ရပြီး မြဝတီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။ ယခုတစ်ပတ်တွင် မြဝတီအသင်း သရေကျခဲ့သဖြင့် ချန်ပီယံဆုအတွက် အကြိတ်အနယ်ပြန်ဖြစ်လာပြီး မြဝတီအသင်းနှင့် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်း ပြိုင်ဆိုင်ရမည့်အနေအထားဖြစ်လာခဲ့သည်။

မြဝတီအသင်းသည် ပွဲစဉ် (၈) မတိုင်မီက ငါးမှတ်ဖြတ်ဦးဆောင်နိုင်ခဲ့သော်လည်း ယခုတစ်ပတ်တွင် သရေကျခဲ့သဖြင့် သုံးမှတ်သာ အသာရတော့ခြင်းဖြစ်သည်။ ပွဲစဉ် (၈) အပြီးတွင် မြဝတီအသင်းက ရမှတ် ၂၂ မှတ်ဖြင့် ဦးဆောင်နေပြီး လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းက ၁၉ မှတ်၊ သစ္စာအားမာန်အသင်းက ၁၆ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ခုနစ်မှတ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ခြောက်မှတ်ရရှိထားကာ Young Lionesses အသင်းမှာမူ ရှစ်ပွဲစလုံး အရေးနိမ့်ကာ အမှတ်မရသေးပေ။

မြဝတီအသင်းသည် လက်ကျန်ပွဲများအဖြစ် သစ္စာအားမာန်အသင်း၊ အား/ကာသိပ္ပံအသင်း၊ အား/ကာသိပ္ပံအသင်းက ရန်ကုန်ယူနိုက်တက်အသင်း၊ မြဝတီအသင်း၊ သစ္စာအားမာန်အသင်းက မြဝတီအသင်း၊ Young Lionesses အသင်းတို့နှင့် ကစားရန်ကျန်ရှိနေသည်။

**ကိုညီလေး ၊ ဓာတ်ပုံ–MWL**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

## ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာချက်

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့် ပုံစံစာအိတ်ကို ဩဂုတ်လ (၂၅) ရက် (သောကြာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန် ဖြစ်ပါသည်။

အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ကို ဩဂုတ်လ (၂၅) ရက်မှ စက်တင်ဘာလ (၁၀) ရက်အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) အောက်ပါတက္ကသိုလ်များတွင် လက်ခံမည်ဖြစ်ပါသည်–

( ၁ ) မြစ်ကြီးနားတက္ကသိုလ်
( ၂ ) လွိုင်ကော်တက္ကသိုလ်
( ၃ ) ဘားအံတက္ကသိုလ်
( ၄ ) ဟားခါးတက္ကသိုလ်
( ၅ ) မုံရွာတက္ကသိုလ်
( ၆ ) ရွှေဘိုတက္ကသိုလ်
( ၇ ) စစ်ကိုင်းတက္ကသိုလ်
( ၈ ) ထားဝယ်တက္ကသိုလ်
( ၉ ) တောင်ငူတက္ကသိုလ်
(၁၀) ပြည်တက္ကသိုလ်
(၁၁) ပဲခူးတက္ကသိုလ်
(၁၂) မကွေးတက္ကသိုလ်
(၁၃) ပခုက္ကူတက္ကသိုလ်
(၁၄) မန္တလေးအဝေးသင်တက္ကသိုလ်
(၁၅) မိတ္ထီလာတက္ကသိုလ်
(၁၆) ကျောက်ဆည်တက္ကသိုလ်
(၁၇) မော်လမြိုင်တက္ကသိုလ်
(၁၈) စစ်တွေတက္ကသိုလ်
(၁၉) တောင်ကုတ်တက္ကသိုလ်
(၂၀) ရန်ကုန်အဝေးသင်တက္ကသိုလ်
(၂၁) တောင်ကြီးတက္ကသိုလ်
(၂၂) လားရှိုးတက္ကသိုလ်
(၂၃) ကျိုင်းတုံတက္ကသိုလ်
(၂၄) ပုသိမ်တက္ကသိုလ်
(၂၅) ဟင်္သာတတက္ကသိုလ်
(၂၆) မအူပင်တက္ကသိုလ်

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၀၁၇-၅၃၇၆၇၇ ၊ ၀၁၇-၅၂၅၆၁၂ နှင့် ၀၁၇-၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ ပညာရေးစီမံအုပ်ချုပ်မှုသင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲအခမ်းအနားတက်ရောက်



**ရန်ကုန် ဩဂုတ် ၁၇**

အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီးများ ပညာရေးစီမံအုပ်ချုပ်မှုသင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ ပညာတန်ဆောင်ခန်းမတွင် ကျင်းပသည်။ (ယာပုံ)

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးနှင့် ခရိုင်ပညာရေးမှူးများ၊ သင်တန်းသား သင်တန်းသူ ဆရာကြီး ဆရာမကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် သင်ကြားပို့ချပေးမည့်ဘာသာရပ်များ၏ အကျိုးရလဒ်အဖြစ် ဘာသာရပ်သဘောတရားများ၊ သီအိုရီဆိုင်ရာ ဗဟုသုတများနှင့် လက်တွေ့လုပ်ငန်းခွင်ဆိုင်ရာ အကြောင်းအရာများကို ခြုံငုံလေ့လာသုံးသပ်၍ မိမိတို့လုပ်ငန်းနယ်ပယ်တွင် ထိရောက်အောင်မြင်စွာ လက်တွေ့အသုံးချဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ထို့ပြင် စီမံခန့်ခွဲမှုဆိုင်ရာ စုစည်းမှုစွမ်းရည်၊ စည်းရုံးမှုစွမ်းရည်၊ လွှံ့ဆော်မှုစွမ်းရည်၊ အကဲဖြတ်စွမ်းဆောင်ရည်နှင့် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုထက်မြက်လာမည်ဖြစ်ကြောင်း။

ကျောင်းအုပ်ကြီးများအနေဖြင့် ဆရာ၊ ဆရာမများ၊ ရုံးဝန်ထမ်းများမှ အကျိုးအကြောင်း ဆီလျော်စွာ တင်ပြလာသောတင်ပြချက်များ၊ အကြံပြုချက်များကိုလည်း လက်ခံပြီး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဘာသာရပ်ခွဲဝေပေးခြင်း၊ တာဝန်ပေးခြင်းများ ပြုလုပ်ရာတွင် လူမှန်နေရာမှန် အရည်အသွေးမှန်အတိုင်း ခွဲဝေပေးပြီး ကောင်းစွာစီမံအုပ်ချုပ်နိုင်ရမည်ဖြစ်ကြောင်း၊ ဘက်လိုက်မှုမရှိရန်လိုအပ်သကဲ့သို့ ကိုယ်ချင်းစာနာစိတ်ဖြင့် စီမံအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ ဆရာကြီး၊ ဆရာမကြီးများ၏ ကျွမ်းကျင်မှု၊ အမြော်အမြင်ရှိမှုတို့သည် အနာဂတ်ပညာရေးလောကကိုများစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် ပညာရေးစီမံအုပ်ချုပ်မှုသင်တန်းအမှတ်စဉ် (၁/၂၀၂၃) သို့ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၁၆ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ သုံးလကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါမန္တလေးပညာရေးဒီဂရီကောလိပ်၌ တက်ရောက် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ မိမိတို့ဆရာ၊ ဆရာမများဖြစ်သည့်အခါ ကျောင်းသားကျောင်းသူများကို စာသင်ကြားပေးရုံသာမက စိတ်ဓာတ်ခွန်အားများပေး၍ အကျင့်စာရိတ္တကောင်းမွန်ပြီး မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိသူများ ဖြစ်အောင် ပြုစုပျိုးထောင်ပေးရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ချမ်းမြသာစည်မြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ စာသင်ခန်းအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတက္ကသိုလ်ရှိ တက္ကသိုလ် သုတေသနစင်တာသို့ သွားရောက်ကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဝန်ကြီးဌာနများ၌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှမြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ် မဲပေးခြင်းကို ယနေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနတို့၌ ကျင်းပသည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့် ဦးအောင်မြိုင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ လက်တွေ့မဲပေးခြင်းများ ဆောင်ရွက်ကြသည်။ (ယာပုံ)

ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဦးကိုကိုလွင်နှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ရှင်းလင်း ဆွေးနွေးခြင်းနှင့် သရုပ်ပြပွဲများသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၂၈၅ ဦး တက်ရောက်ကြပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





ကုန်သွယ်လုပ်ငန်းခွန် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရမည့် လုပ်ငန်း/ ဆိုင်များသို့ သတ်မှတ်ချက်နှင့်အညီ အလေးထားလိုက်နာမှုရှိ/ မရှိ ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး ကွပ်ကဲမှုအောက် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှ တာဝန်ရှိသူများနှင့် ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဩဂုတ် ၁၆ ရက်က ပြည်တွင်းအခွန်များဦးစီးဌာန၏ အသိပေးကြေညာချက်နှင့် သက်ဆိုင်ရာမြို့နယ်ရုံးများ၏ မေတ္တာရပ်ခံအကြောင်းကြားစာများအား လုပ်ငန်းရှင်များသို့ ဖြန့်ဝေအသိပေးခြင်းများဆောင်ရွက်စဉ်။

အာကာလင်း

# တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားချက်များ လပွတ္တာမြို့၌ ထပ်ဆင့်ရှင်းလင်းဆွေးနွေး

**လပွတ္တာ ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန်ကြားချက်များ ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရွှေနဒီခန်းမ၌ ဩဂုတ် ၁၆ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရက ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားချက်များဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ပြင်ဆင် ချမှတ်ထားမှုအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ပညာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် အားကစားကဏ္ဍမြှင့်တင်ရေးအတွက် အထူးအလေးထားဆောင်ရွက်ရန်၊ စိုက်ပျိုးမြေကေများကို လျာထားချက်နှင့်အညီ ပြည့်မီအောင်စိုက်ပျိုးရန်၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကိစ္စများကို အထူးအလေးထားဆောင်ရွက်ရန်၊ အထွေထွေ ကိစ္စရပ်များနှင့် ပတ်သက်၍ ထပ်ဆင့်ဆွေးနွေးသည်။

ခရိုင်(ပြန်/ဆက်)

# တရားမဝင်ကျားဖောင်များ လုပ်ကိုင်မှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**ဖျာပုံ ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း တရားမဝင်ကျားဖောင်များ ပပျောက်စေရေးနှင့် ကျားဖောင်များကြောင့် ရေလမ်းကြောင်း ပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းပေးထားသောအဖွဲ့သည် ဒေသခံရေလုပ်ငန်းရှင်များနှင့် ဖျာပုံမြို့နယ် အမာမြို့ နောက်မီးကျေးရွာရှိ ကျားပိုက်လုပ်ငန်းရှင်များ အသင်းရုံး၌ ဩဂုတ် ၁၆ ရက်က တွေ့ဆုံဆွေးနွေးကြသည်။ (ယာပုံ)

ထို့နောက် နောက်မီးကျေးရွာချောင်းရိုးအတွင်း ရေလုပ်ငန်းလုပ်ကိုင်ရန် အင်္ဂလန်ကျားဖောင်များကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို သတ်မှတ်ထားသော စာရင်းဇယားများနှင့်အညီ ဖြစ်စေရေး စစ်ဆေးခဲ့ကြောင်း သိရသည်။

အောင်ဝင်းနိုင် (ပြန်/ဆက်)



## မလေးရှားနိုင်ငံ၌ အသေးစားလေယာဉ်ပျက်ကျမှုကြောင့် ယာဉ်ပေါ်ပါ ရှစ်ဦးနှင့် မြေပြင်ပေါ်မှ နှစ်ဦးသေဆုံး

**ကွာလာလမ်ပူ ဩဂုတ် ၁၇**

မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ်၌ ဩဂုတ် ၁၇ ရက် နေ့လယ်ပိုင်းက အသေးစားလေယာဉ်တစ်စင်း ပျက်ကျမှုကြောင့် ၁၀ ဦး သေဆုံးခဲ့ကြောင်း မလေးရှား သယ်ယူပို့ဆောင်ရေးဝန်ကြီး အန်တိုနီ လော့ခ် စီဖု က ပြောကြားသည်။



မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ်၌ လေယာဉ်ပျက်ကျသည့်နေရာကို တွေ့ရစဉ်။

ခရီးသည် ခြောက်ဦး၊ လေယာဉ်အမှုထမ်း နှစ်ဦးနှင့် လေယာဉ် ပျက်ကျမှုဖြစ်ပွားသည့် နေရာရှိ အခြားလူနှစ်ဦး သေဆုံးခဲ့ပြီး အသက်ရှင်ကျန်ရစ်သူမရှိကြောင်း လော့ခ် က သတင်းစာ ရှင်းလင်းပွဲ၌ ပြောကြားသည်။

မွန်းလွဲ ၂ နာရီ ၀၈ မိနစ်တွင် လန်ကာဝီ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာလာသည့် အဆိုပါ လေယာဉ်သည် ဆူတန် အက်ဒယ် အဇက်ရှာ့ လေဆိပ်သို့ ဦးတည်ပျံသန်းခဲ့ကြောင်း မလေးရှားမြို့ပြအာဏာပိုင်အဖွဲ့က အစောပိုင်းထုတ်ပြန်ချက်တွင် ပြောကြားသည်။ မွန်းလွဲ ၂ နာရီ ၅၁ မိနစ်တွင် ဆူဘန်းလေကြောင်းထိန်းချုပ်ရေးမျှော်စင်က လေယာဉ်ပျက်ကျသည့်နေရာမှ မီးခိုးများ ထွက်ပေါ်သည်ကို သိရှိခဲ့သော်လည်း လေယာဉ်မှ သတင်းပေးပို့မှု မရှိခဲ့ကြောင်း သိရသည်။ ကွာလာလမ်ပူလေကြောင်းကယ်ဆယ်ရေးညှိနှိုင်းမှုဌာနက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ

## နောက်နှစ် လွတ်လပ်ရေးနေ့အခမ်းအနားကို မြို့တော်သစ်၌ ကျင်းပနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း အင်ဒိုနီးရှားသမ္မတ ပြော

**ဂျကာတာ ဩဂုတ် ၁၇**

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက အင်ဒိုနီးရှားနိုင်ငံ၏ နောက်နှစ် ဩဂုတ် ၁၇ ရက်တွင်ကျရောက်မည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မြို့တော်သစ် နူဆန်တရာ၌ ကျင်းပနိုင်လိမ့်မည်ဟုမျှော်လင့်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အင်ဒိုနီးရှား မြို့တော် ဂျကာတာမှ ၂၀၀၀ ကီလိုမီတာ အကွာရှိ ကလီမင်နတန်ကျွန်းသို့ ပြောင်းရွှေ့ရန် မြို့သစ်တည်ဆောက်ရေးလုပ်ငန်းများကို အဆောတလျင် ဆောင်ရွက်လျက်ရှိသည်။ မြို့တော်ဂျကာတာသည် နှစ်ပေါင်းများစွာကြာအောင် ယာဉ်ကြောပိတ်ဆို့မှုနှင့် လေထုညစ်ညမ်းမှုများနှင့် ကြုံတွေ့လျက်ရှိသည်။

အင်ဒိုနီးရှားအစိုးရသည် ၂၀၂၄ ခုနှစ် ဩဂုတ် ၁၇ ရက် (လွတ်လပ်ရေးနေ့) တွင် မြို့သစ်သို့ပြောင်းရွှေ့ရန် စီစဉ်ထားသည်။ ဩဂုတ် ၁၇ ရက်တွင် ကျင်းပခဲ့သော လွတ်လပ်ရေးနှစ်ပတ်လည်နေ့အခမ်းအနားတွင် မြို့သစ်တည်ဆောက်ဆဲ ဗီဒီယိုဖိုင်ကို ဧည့်သည် ၈၀၀၀ ရှေ့တွင် ပြသခဲ့သည်။ လာမည့်နှစ်လွတ်လပ်ရေးနေ့အခမ်းအနားကို မြို့တော်သစ် နူဆန်တရာ၌ ပြုလုပ်နိုင်မည်ဟု ယုံကြည်ကြောင်း သမ္မတ ဂျိုကိုက သတင်းထောက်များကို ပြောကြားခဲ့သည်။

မြို့သစ်ပြောင်းရွှေ့ရေး စီမံကိန်းသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ကုန်ကျမည်ဟု ခန့်မှန်းထားသည်။ အင်ဒိုနီးရှားအစိုးရသည် ရင်းနှီးမြှုပ်နှံမှုငွေဖြင့် ကုန်ကျစရိတ် ၈၀ ရာခိုင်နှုန်းကို ထောက်ပံ့ရန် စီစဉ်ထားသည်။

အင်န်အိတ်ချ်ကေ



## ဦးနှောက်သေနေသည့် လူနာ၏ ခန္ဓာကိုယ်အတွင်း ဝက်၏ ကျောက်ကပ်ကို အစားထိုးရာ တစ်လကျော်အကြာ ပုံမှန်အတိုင်းအလုပ်လုပ်

**နယူးယောက် ဩဂုတ် ၁၇**

ဦးနှောက်သေနေသည့် လူနာ၏ ကိုယ်ခန္ဓာအတွင်းသို့ မျိုးရိုးဗီဇပြုပြင်ထားသည့် ဝက်၏ ကျောက်ကပ်ကို အစားထိုးခဲ့ရာ တစ်လကျော်အကြာ ပုံမှန်အတိုင်း အလုပ်လုပ်နေသည်ဟု အမေရိကန် ဆရာဝန်အဖွဲ့က ပြောသည်။

နယူးယောက်မြို့မှ ခွဲစိတ်ဆရာဝန်များ ပါဝင်သည့်အဖွဲ့သည် ဩဂုတ် ၁၆ ရက်တွင် ၎င်းတို့၏ တွေ့ရှိချက်ကို ထုတ်ပြန်ခဲ့သည်။

**တတိယအကြိမ်ဖြစ်**

လူနာမိသားစု၏ ခွင့်ပြုချက်အရ အသက် ၅၇ နှစ်အရွယ် ဦးနှောက်သေနေသည့် အမျိုးသား၏ ခန္ဓာကိုယ်အတွင်း ဝက်၏ ကျောက်ကပ်ကို ခွဲစိတ်ဆရာဝန်များက အစားထိုးခဲ့ခြင်းဖြစ်သည်။ ဝက်၏ ကျောက်ကပ်ကို လူ့ကိုယ်ခန္ဓာမှ ငြင်းပယ်ခြင်းမပြုစေရန်အတွက် မျိုးရိုးဗီဇအရ ပြုပြင်ထားခြင်းဖြစ်သည်။ လူတစ်ဦး၏ ခန္ဓာကိုယ်အတွင်းသို့ မျိုးရိုးဗီဇပြုပြင်ထားသည့် ဝက်၏ ကျောက်ကပ်အစားထိုးခြင်းမှာ ယခုတစ်ကြိမ်သည် တတိယအကြိမ်ဖြစ်ပြီး အချိန်ကာလ အကြာဆုံးလည်းဖြစ်သည်ဟု အဆိုပါအဖွဲ့မှ ပြောသည်။ ကျောက်ကပ်၏ အလုပ်လုပ်ပုံကို ဆက်လက်စောင့်ကြည့်သွားမည်ဟု အဆိုပါအဖွဲ့မှ ပြောသည်။



မျိုးရိုးဗီဇအင်ဂျင်နီယာ ပညာရပ်ကိုအသုံးပြုကာ တိရစ္ဆာန်၏ ကိုယ်တွင်းအင်္ဂါကို လူ့ခန္ဓာကိုယ်အတွင်း ပြောင်းထည့်သည့် စမ်းသပ်မှုများကို ကမ္ဘာတစ်ဝန်းရှိ သုတေသန ပညာရှင်များက စမ်းသပ်နေကြသည်။

ပြီးခဲ့သည့် နှစ်ကလည်း အမေရိကန်မှ ဆရာဝန်များသည် နှလုံးရောဂါရှိသည့် အမျိုးသားကို ဝက်အသည်းဖြင့် အစားထိုးပေးရာ အဆိုပါ အမျိုးသားမှာ နှစ်လခန့် အသက်ရှင်ခဲ့သည်။

အင်န်အိတ်ချ်ကေ

## သီရိလင်္ကာ၌ မိသားစုပေါင်း ၅၀၀၀၀ ကျော် ခြောက်သွေ့သည့် ရာသီဥတုကို ခံစားရ

**ကိုလံဘို ဩဂုတ် ၁၇**

သီရိလင်္ကာနိုင်ငံရှိ ပြည်နယ်ကိုးခုအနက် ရှစ်ခုရှိ မိသားစုပေါင်း ၅၀၀၀၀ မှာ ခြောက်သွေ့မှုဒဏ်ခံစားနေရကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဗဟိုဌာနက ဩဂုတ် ၁၇ ရက်တွင် ၎င်းတို့၏ နောက်ဆုံးအစီရင်ခံစာကို ဖော်ပြခဲ့သည်။

ခြောက်သွေ့သည့် ရာသီဥတုကြောင့် သောက်သုံးရေ ရှားပါးသည့်ဒဏ်ကို လူပေါင်း ၁၈၀၀၀၀ ကျော် ခံစားခဲ့ရသည်။ ခြောက်သွေ့သည့်ဒဏ်ကို နိုင်ငံအရှေ့ပိုင်းနှင့် မြောက်ပိုင်းပြည်နယ်များတွင် အဆိုးရွားဆုံး ခံစားခဲ့ရသည်။ မုတ်သုံလေအားနည်းမှုကြောင့် ဖြစ်ပေါ်လာရသည့်ခြောက်သွေ့မှုမှာ စက်တင်ဘာလအထိရှိဦးမည်ဟု သီရိလင်္ကာ မိုးလေဝသဌာနက ပြောသည်။

ဆင်ဟွာ

## ဗြိတိသျှပြတိုက်ရှိပစ္စည်းများ ပျောက်ဆုံးနေသည်ကို တွေ့ရှိရပြီးနောက် ဝန်ထမ်းတစ်ဦးကို အလုပ်ထုတ်

**လန်ဒန် ဩဂုတ် ၁၇**

ဗြိတိသျှပြတိုက်မှ စုဆောင်းထားသည့် ပစ္စည်းများ ပျောက်ဆုံးခြင်း သို့မဟုတ် အခိုးခံရခြင်းတို့ ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပြီးနောက် ပြတိုက်ဝန်ထမ်းများထဲမှ တစ်ဦးကို အလုပ်မှ ထုတ်ပယ်ခဲ့သည်ဟု ဗြိတိသျှပြတိုက်မှ သတင်းထုတ်ပြန်သည်။ အဆိုပါဖြစ်ရပ်ကို ဩဂုတ် ၁၆ ရက်တွင် ဗြိတိသျှပြတိုက်မှ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုနှစ်အစောပိုင်းက ပြတိုက်ရှိ ပစ္စည်းအချို့ကို စတိုခန်းအတွင်း သုတေသနပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် သိမ်းဆည်းထားခဲ့ပြီး ယင်းနောက် အဆိုပါပစ္စည်းများမှာ ပျက်စီးခြင်း သို့မဟုတ် အခိုးခံရခြင်းတို့ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပစ္စည်းများထဲတွင် နှစ်ပေါင်း ၃၅၀၀ သက်တမ်းရှိ ရွှေဖြင့်ပြုလုပ်ထားသည့် လက်ဝတ်ရတနာများ၊ အဖိုးတန် ကျောက်မျက်ရတနာများနှင့် ဖန်ခွက်များ ပါဝင်သည်။ ပြတိုက်ဝန်ထမ်းကို တရားဝင်အရေးယူမှုများ ပြုလုပ်ထားပြီး လန်ဒန်ရဲကလည်း စုံစမ်းစစ်ဆေးမှု ပြုလုပ်နေသည်ဟု သိရသည်။



ဗြိတိသျှပြတိုက်သို့ လာရောက်လည်ပတ်သူများကို ၂၀၁၅ ခုနှစ်က တွေ့ရစဉ်။

ဗြိတိသျှပြတိုက်မှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၇၀ ခန့်ကတည်းက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ခရီးသွားများ နှစ်မြိုက်စွာ လာရောက်လည်ပတ်သည့် နေရာလည်းဖြစ်သည်။ အဆိုပါပြတိုက်တွင် ဗြိတိသျှအင်ပါယာခေတ်က ကမ္ဘာအနှံ့ သိမ်းဝင် အသုံးအဆောင်ပစ္စည်းများ အပါအဝင် ပစ္စည်းပေါင်း ရှစ်သန်းရှိပြီး ကမ္ဘာပေါ်တွင် အကြီးဆုံးစုဆောင်းထားသည့် ပြတိုက်များထဲမှတစ်ခုလည်း ဖြစ်သည်။

အင်န်အိတ်ချ်ကေ

# ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်းပတ်ဝန်းကျင်များဖြစ်လာစေရေး အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

**မြစ်ကြီးနား ဩဂုတ် ၁၇**

ကျန်းမာပျော်ရွှင်ပညာသင်၊ စွမ်းရည်ထက်မြက် အနာဂတ်အတွက်” ဆောင်ပုဒ်ဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းဝင်းအတွင်း ကျောင်းသားလူငယ်များ၏ ကိုယ်လက်လှုပ်ရှားမှုတိုးတက်လာစေရေး ကိုယ်ကာယလေ့ကျင့်ခန်းများ လေ့ကျင့်နေမှုများကို အားပေးကြည့်ရှုကာ ကျောင်းသားများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် အေးမြသီတာခန်းမ၌ အခမ်းအနား ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အနာဂတ်နိုင်ငံတော်အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး စွမ်းရည်ထက်မြက်သည့် နိုင်ငံ့သားကောင်းရတနာများဖြစ်လာစေရေး စာသင်ကျောင်းများက အစပြုခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျောင်းသားလူငယ်များကို ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ စာရိတ္တဗလ၊ ဘောဂဗလ အစရှိသည့် ဗလငါးတန်နှင့် ပြည့်စုံသူများ ဖြစ်လာစေရေး၊ ကျန်းမာရေးပြည့်စုံကောင်းမွန်သောလူငယ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ကျန်းမာရေးအဆင့်မြင့်ကျောင်းထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပံ့ပိုးမှုအားကောင်းလာစေရန်၊ သန့်ရှင်း၍ ကျန်းမာရေးနှင့် ညီညွတ်သော ကျောင်းပတ်ဝန်းကျင်များဖြစ်လာစေရေး အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။ **(အပေါ်ပုံ)**



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ဆုရရှိသူများအားလည်းကောင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကက ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက မြစ်ကြီးနား၊ ဝိုင်းမော်နှင့် မိုးကောင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းကျန်းမာရေး သီတင်းပတ်အထိမ်းအမှတ်လှုပ်ရှားမှုအဖြစ် ကျောင်းအခြေပြု ကျန်းမာရေးလှုပ်ရှားမှု အသိပညာပေးပြခန်း၊ အာဟာရဖွံ့ဖြိုးရေးရရှိစေသည့် အစားအစာများပြခန်း၊ သန့်ရှင်းပြီး ခြင်ကျားပိုးလောက်လမ်း ကင်းစင်ကျောင်းများ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးကင်းစင်ကျောင်းများ ထူထောင်ခြင်း စသည့်အသိပညာပေးပြခန်းငယ်များကို လှည့်လည်ကြည့်ရှု အားပေးခဲ့ပြီး ထောက်ပံ့ငွေများ ပေးအပ်ကာ မူလတန်းကလေးငယ်များအား ကိုယ်ခန္ဓာကြီးထွား အာဟာရဖွံ့ဖြိုးစေရေးအတွက် နွားနို့နှင့် ကြက်ဥများ တိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဆရာ ဆရာမများအနေဖြင့် သင်ကြားရေးတာဝန်သာမကဘဲ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဦးဆောင်နိုင်သူဖြစ်ရန် လိုအပ်

**မုံရွာ ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာပညာရေးဒီဂရီကောလိပ် တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၇ ရက်က မုံရွာပညာရေးဒီဂရီကောလိပ် ပဥ္စဗလဘက်စုံခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲကို တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ရည်ရွယ်၍ ကျင်းပရခြင်း ဖြစ်ကြောင်း၊ ဆရာ ဆရာမများ အနေဖြင့် မိမိတို့ တာဝန်ကျရာ နေရာဒေသအသီးသီးတွင် သင်ကြားရေးတာဝန်သာမကဘဲ ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း ဦးဆောင်နိုင်သူဖြစ်ရန် လိုအပ်သကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်းလိုအပ်ကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များကို မိမိကိုယ်တိုင် ထိန်းသိမ်းရုံသာမကဘဲ ကျောင်းသားလူငယ်များ၊ မိဘပြည်သူများအားလုံး ပါဝင်ဆောင်ရွက်ရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ဆရာ ဆရာမများအနေဖြင့် အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲတွင် ဆွေးနွေးပို့ချမည့် ဘာသာရပ်များအား စိတ်ဝင်တစားသင်ယူလေ့လာကြရန်နှင့် ပူးပေါင်းပါဝင်ဆွေးနွေးပြီး ဆွေးနွေးပွဲမှရရှိလာသည့် အတွေ့အကြုံများကို မိမိတို့တာဝန်ကျရာ ဒေသအသီးသီးရှိကျောင်းသားလူငယ်များ၊ မိဘပြည်သူများကို ပြန်လည်မျှဝေပြီး မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအတွက် ငွေကျပ် ၆၇၅၀၀၀၀ နှင့် မုံရွာပညာရေးဒီဂရီကောလိပ်ကျောင်းအတွက် ငွေကျပ် ၁၀ သိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ထောက်ပံ့ပေးအပ်သည်။



ဆက်လက်ပြီး မုံရွာပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ မင်းမင်းသိမ့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက တိုင်းရင်းသားရိုးရာသီချင်းများဖြင့် ကပြဖျော်ဖြေကြရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဝင်းမြတ်စိုးက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးသည်။

အဆိုပါတိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲ (၂/၂၀၂၃) သို့ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၁၃၅ ဦး တက်ရောက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မူဆယ်မြို့၌ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများအတွက် ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းပေးအပ်ပွဲကျင်းပ

**မူဆယ် ဩဂုတ် ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ New Starlight Group Co.,Ltd ခန်းမ၌ ယနေ့နံနက် ၁၀ နာရီက မူဆယ်မြို့နယ် မုံးကိုးမြို့၊ ပန်ဆိုင်း(ကြူကုတ်)မြို့၊ မိုင်းယုကျေးရွာရှိ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများအတွက် ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို ပြုလုပ်သည်။



အဆိုပါ အခမ်းအနားတွင် မူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ယခုကဲ့သို့ ပညာရေးအတွက် ပါဝင်အားဖြည့်ပေးအပ် လှူဒါန်းခြင်းကိုလည်း ကျေးဇူးတင်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားပြီးနောက် မူဆယ်၊ နမ့်ခမ်းမြို့တို့တွင် ၁၂၈ ကျောင်း ရှိသည့်အနက် ကျောင်း ၁၉ ကျောင်းသာ ဖွင့်လှစ်နိုင်သေးကြောင်း၊ နောက်များတွင်လည်း ယခုလို လှူဒါန်းခြင်းကို ဆက်လက်ကြိုးစားစေချင်ကြောင်း တိုက်တွန်းနှိုးဆော်ပြောကြားသည်။

ဆက်လက်၍ New Starlight Group Co.,Ltd မှ တာဝန်ရှိသူများက ယခုကဲ့သို့ ကျောင်းသုံးကိရိယာများ ပေးအပ်လှူဒါန်းခွင့်ရခြင်းအတွက် ဝမ်းမြောက်မိကြောင်း၊ နောင်တွင်လည်း ယခုထက်ပို၍ ပေးအပ်လှူဒါန်းသွားရန် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းသုံးစာအုပ် ဒါဇင် ၇၅၀၀၊ ခဲတံ အချောင်း ၇၅၀၀၊ ဘောပင်အချောင်း ၂၂၅၀၀၊ ကျောင်းသုံးလက်ဆွဲအိတ် ၇၅၀၀ ကို New Starlight Group Co.,Ltd ကိုယ်စား မူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် အဖွဲ့ဝင် ဦးကိန်းမိုင်၊ New Starlight Group Co.,Ltd မှ တာဝန်ရှိသူ ဦးတင်ငွေနှင့် ဦးမောင်စိန်တို့က တစ်ဆင့်ပေးအပ်လှူဒါန်းရာ မုံးကိုးမြို့အုပ်ချုပ်ရေးမှူး ဦးလျှံရှင်းမုံနှင့် ပန်ဆိုင်း (ကြူကုတ်) မြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းမြတ်အောင်၊ မိုင်းယု (၁၀၅) မိုင်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်မီဝမ်း၊ မူဆယ်မြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်သန်းဦး၊ ကျောင်းဆရာမများ၊ ရပ်မိရပ်ဖများက လက်ခံရယူခဲ့ပြီး လှူဒါန်းမှုမှာ စုစုပေါင်းတန်ဖိုးငွေကျပ် ၉၆၈၅၂၅၀၀ ရှိကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၁၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းတွင်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ အလင်းဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ဒလမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား လေးဦးနှင့် အမျိုးသမီး လေးဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက် ပေးလျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပဲခူးခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း အဆင့်မြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

ပဲခူး ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်က ပဲခူးခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း အဆင့်မြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် ထုံးကြီးကျေးရွာရှိ ငါးညီနောင် အဆင့်မြင့် မွေးမြူရေးခြံသို့ ရောက်ရှိပြီး (DYL) အသားတိုးဝက်ကောင်ရေ ၃၀၀၀၊ ဥစားကြက်ကောင်ရေ ၁၀၀၀၀၀ နှင့် ငါးကောင်ရေ ၈၉၀၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကဝမြို့အဝင်၊ ပဲခူးမြစ်ကူးတံတား ကြံ့ခိုင်မှုအား ကြည့်ရှုစစ်ဆေးပြီး ရေကြီးမှုကြောင့် ထိခိုက်/ပျက်စီးခဲ့သည့် မိုးစပါးများ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေး သက်တမ်းတိုပြီး အထွက်နှုန်းကောင်းသော စပါးမျိုးများ ကြိုတင်ပျိုးထောင်ထားရှိရန်နှင့် မကြာမီရောက်ရှိလာမည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်အရ မှာယူထားပြီးဖြစ်သည့် တန်ဖိုးနည်း လက်ဆွဲကောက်စိုက်စက်များဖြင့် စိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်နှင့် မြစ်ကမ်းဘေးအနီး ကိုင်းတောများကို ရှင်းလင်း၍ အကျိုးရှိရှိ ရာသီသီးနှံစိုက်ပျိုးရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ မြို့နယ်စိုက်ပျိုးရေး လုပ်ငန်းကြီးကြပ်မှု အဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကဝမြို့နယ် ဝဲပတန်ချောင်းနှင့် သံဒင်းချောင်းဆုံရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေရေး ချောင်းရိုးများ ပြန်လည်တူးဖော်ခြင်းအပြင် နွေစပါးစိုက်ပျိုးရေးရရှိရေး ချောင်းပိတ်/မြောင်းပိတ်လုပ်ငန်းများ ဆောင် ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကဝမြို့နယ် ဇာဘာကျေးရွာ၌ ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ကဝမြို့နယ်၌ မိုးစပါး စုစုပေါင်း ၁၈၄၃၆၅ ဧက စိုက်ပျိုးခဲ့ပြီး ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးစပါး ဧက ၂၀၆၈၃ ဧက ရေကြီးနစ်မြုပ်ခဲ့ပြီး ဩဂုတ် ၁၇ ရက်အထိ ရေပြန်ပေါ်ဧက ၁၃၇၇၃ ဧက၊ ထိခိုက်ဧက ၈၅၆ ဧကနှင့် ပျက်စီးဧက ၅၆၀ ရှိပြီး ရေလွှမ်းဧက ၆၉၁၀ ကျန်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# အခြေခံသမဝါယမအသင်းသားများ စိုက်ပျိုးထားသည့် မိုးစပါးစိုက်များအား ကွင်းဆင်းကြည့်ရှု

ကျောက်ဆည် ဩဂုတ် ၁၇

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့် နှင့်တာဝန်ရှိသူများသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ရန်ပုံငွေဖြင့် စိုက်ပျိုးထားသည့် ပတ္တာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၀၉-ခ) မိုးစပါးစိုက်ခင်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မြေဩဇာ ထောက်ပံ့ပေးမှုနှင့် မိုးစပါး စိုက်ပျိုးပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ရန်ပုံငွေဖြင့် တောင်ပလူကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက် အသင်းသား ၂၃ ဦးမှ ဧက ၁၀၀၊ ရဲမအူကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက် အသင်းသား ၁၅ ဦးမှ ဧက ၁၀၀၊ ငါးလုံကုန်းကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက် အသင်းသား ၄၁ ဦးမှ ဧက ၁၅၀၊ ပွတ္တိုင်ကျေးရွာ ရောင်နီဦး စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း လီမိတက် အသင်းသား ၃၈ ဦးမှ ဧက ၁၅၀၊ ပင်တလည်ကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်အသင်းသား ၉ ဦးမှ ဧက ၅၀၊ ကတဲကျေးရွာ ရွှေသဇင်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက် အသင်းသား ၁၃ ဦးမှ ဧက ၅၀၊ ငှက်တောင်ကျေးရွာစိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက် အသင်းသား ၇ ဦးမှ ဧက ၅၀၊ ရွှေလေးကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက် အသင်းသား ၂၂ ဦးမှ ဧက ၉၀၊ ဇရပ်ဖြူကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက် အသင်းသား ၂၁ ဦးမှ ဧက ၁၁၀ စိုက်ပျိုးထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Zayar Min” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်ရပ်ကွက်နေ ဇေယျာမင်းအား မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ “Zuko” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်နေ ဇူးကိုအား ည ၆ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “Kyaw Min Khant” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈) ရပ်ကွက်နေ ကျော်မင်းခန့်(ခ) မင်းခန့်အား ည ၈ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ လပတ်အစည်းအဝေး (၄/၂၀၂၃) ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၇**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်စီ၏ ဖွဲ့စည်းပုံပါ လုပ်ငန်းတာဝန်များကို ညှိနှိုင်းဆွေးနွေးသည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ လပတ်အစည်းအဝေး (၄/၂၀၂၃) ကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကောင်စီဝင် ၁၈ ဦး တက်ရောက်သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က အမှာစကားပြောကြားပြီး တက်ရောက်လာသော ကောင်စီဝင်များက အသီးသီးဆွေးနွေးတင်ပြကြသည်။ အဆိုပါ အစည်းအဝေးတွင် ဇူလိုင် ၂၆ ရက်တွင် နေပြည်တော်၌ ပြန်ကြားရေးဝန်ကြီးဌာနက ဦးစီး ကျင်းပသည့် မဏ္ဍိုင် (၄) ရပ် အလုပ်ရုံဆွေးနွေးပွဲ ရလဒ် (၁၆)ချက်ကို ဦးတည်ဆွေးနွေးကြပြီး အဆိုပါ ဆုံးဖြတ်ချက်ရလဒ်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေး၊ သတင်းမီဒီယာလုပ်ငန်းဆိုင်ရာ ကိစ္စများ၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ဥက္ကဋ္ဌက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ သတင်းမီဒီယာလုပ်ငန်းများကို မိမိတို့ကောင်စီအနေဖြင့် တက်ညီလက်ညီဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ရွှေတောင်မြို့နယ် အထက(ခွဲ) ကံသုံးဆင့်ကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ရွှေတောင် ဩဂုတ် ၁၇**

ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီက အထက (ခွဲ) ကံသုံးဆင့် ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးရာဇာလင်းနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်နိုင်ဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က လူငယ်စကားဝိုင်း ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်နှင့် အထက်တန်းပြ ဆရာကြီး ဦးနိုင်သူတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူ များက လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် စိန်ခေါ်မှု၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် အလှအပ ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကြရာ တက်ရောက်လာသူ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးကြသူများက ပြန်လည်ရှင်းလင်းသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ နှင့် စာအုပ်ပြပွဲများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**



## အ.ထ.က(အင်းမ) ကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ပြည် ဩဂုတ် ၁၇**

ကျောင်းသား ကျောင်းသူများ ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့၏ အစီအစဉ်ဖြင့် အ.ထ.က (အင်းမ) ကျောင်းခန်းမ၌ ဩဂုတ် ၁၇ ရက်က လူငယ်စကားဝိုင်း ကျင်းပသည်။

အခမ်းအနားတွင် အင်းမမြို့ အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ဟိန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေးက လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေး၊ မြို့နယ်စာရေးဆရာအသင်းမှ ဦးထက်ပိုင်မင်း-ကိုပိုင် (သဲကုန်း) နှင့် အ.ထ.က (အင်းမ) မှ မောင်ဖြိုးပြည့်ဇော် Grade-11 က လူငယ်နှင့် ပညာရေး၊ မသီရိထက် Grade10 က လူငယ်နှင့် စာဖတ်ခြင်း၊ မဇူးဇူးသဥ္ဇာမောင် Grade-11 က လူငယ်နှင့် ကျန်းမာ ရေး၊ မောင်မြင့်မြတ် Grade-10 က လူငယ်နှင့် အားကစား စသည့်ခေါင်းစဉ်များဖြင့် ရှင်းလင်းဆွေးနွေးကြသည်။



ယင်းနောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **မောင်ရွှေဝင်း (ပြည်)**

## နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီမွှေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၈ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၈၅ ကျပ် | ၂၄၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၆၀ ကျပ် | ၂၅၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၆၀ ကျပ် | ၂၃၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၇၅ ကျပ် | ၂၄၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန်တိုက်တွန်းနှိုးဆော်

“ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေသွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။” **ကျန်းမာရေးဝန်ကြီးဌာန**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၉၀၀ | ၁၇ | ၁၄၉၆၀၀ |
| MTSH | ၃၁၅၀ | ၃၁၀၀ | ၁၃၈၈၄ | ၄၃၃၃၅၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၄၁၅ | ၆၆၅၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၃၅၀ | ၂၃၀၀ | ၂၉၆၉ | ၆၈၂၈၇၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၉၅၀ | ၁၉၅၀ | ၁၇၉၅ | ၃၅၀၀၂၅၀ |

ညီညီ - စုစည်းသည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## "သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်း ဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း"

၁။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သူနာပြု/သားဖွား/နီးနွယ် သင်တန်းကျောင်းများတွင် ၂၀၂၄ ပညာသင်နှစ် (၂-၁-၂၀၂၄)ရက်နေ့တွင် ဖွင့်လှစ်မည့် သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ် သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်းအတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ **(မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၃) ဘာသာ ရမှတ်ပေါင်းကို မူတည်၍ ရွေးချယ်မည် ဖြစ်ပါသည်။)**

၂။ **အရည်အချင်းသတ်မှတ်ချက်**

လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူ ဖြစ်ရမည်၊ **(၂၀၂၃ ခုနှစ်၊ မတိုင်မီ အောင်မြင်သူများသာ လျှောက်ထားရမည်။ ၂၀၂၃ ခုနှစ်၊ မတ်လ တွင် ဖြေဆိုအောင်မြင်သူများ လျှောက်ထားခြင်း မပြုရ။)**

(ဂ) လျှောက်လွှာ ပိတ်သည့်**(၁၃ - ၁၀ -၂၀၂၃)**ရက်နေ့တွင် အသက် (၂၅)နှစ်ထက်မကြီးရ။ **(တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပါ မွေးနေ့သက္ကရာဇ်အတိုင်းသာအတည်ပြုမည်)**

(ဃ) ပြစ်မှုကင်းရှင်းသူ၊ အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

(င) အိမ်ထောင်မရှိသူ (အပျို /လူပျို)ဖြစ်ရမည်။

(စ) အနည်းဆုံး အရပ်(၅)ပေ ရှိရမည်။ **(အရပ်(၅)ပေ မပြည့်မီသူများ လျှောက်ထားခြင်း လုံးဝ မပြုပါရန်)**

(ဆ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဇ) သင်တန်းအောင်မြင်ပြီးဆုံးသည်အထိ တက်ရောက်နိုင်သူဖြစ်ရမည်။

(ဈ) သင်တန်းတက်ရောက်စဉ် ပညာသင်ထောက်ပံ့ကြေး ( ၁ )လလျှင် ကျပ်( ၃၀၀၀၀/- ) (ကျပ်သုံးသောင်း)တိတိ ချီးမြှင့်မည်ဖြစ်ပြီး သင်တန်းကာလအတွင်း ပျက်ကွက်လျှင် ဖြစ်စေ၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းစည်းကမ်းများကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်း အတွက် ကျပ် (၈၀၀၀၀၀/-) ( ကျပ်ရှစ်သိန်းတိတိ )၊ ဘက်စုံသားဖွား ဒီပလိုမာ(၂)နှစ်သင်တန်းအတွက် ကျပ်( ၃၀၀၀၀၀/-)(ကျပ်သုံးသိန်း တိတိ) ပေးလျော်နိုင်သူ ဖြစ်ရမည်။

(ည) သင်တန်းအောင်မြင်ပြီး (အမှတ်ဖြင့်/ အထူးကိစ္စရပ်ဖြင့်ရွေးချယ်) သူများကို နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ပါက မည်သည့်ဒေသတွင်မဆို/ လိုအပ်ချက်ရှိသော တိုင်းဒေသကြီး/ပြည်နယ်တွင် အနည်းဆုံး(၃)နှစ် **မပျက်မကွက်** တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်း ဝန်ခံကတိ ရေးထိုးရမည် ဖြစ်သည်။

၃။ **လျှောက်လွှာပေးပို့ရန်**

(က) လျှောက်လွှာကို **(ကျန်းမာရေးဝန်ကြီးဌာန နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနတို့၏ အင်တာနက်စာမျက်နှာတွင်)** ရယူပြီး ပြည့်စုံ၊ တိကျ၊ ပီသစွာ ဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်းများနှင့် အတူ ပူးတွဲပြီး **တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ သည့် စာစစ်ဌာန တည်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန** သို့သာ လိပ်မူ၍ လျှောက်လွှာပိတ်ရက် (၁၃-၁၀-၂၀၂၃)ရက်နေ့ထက် နောက်မကျစေဘဲ လျှောက်ထားရမည်။ **(နေပြည်တော်၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ လိပ်မူ၍ တိုက်ရိုက် လျှောက်ထားခြင်း မပြုရ)**

(ခ) လျှောက်လွှာနှင့်အတူ အောက်ပါ အထောက်အထားများကို ပူးတွဲ ပေးပို့ရမည်-

၁။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် **(မိတ္တူ) (၁)စောင်**။

၂။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် တက္ကသိုလ်ဝင်တန်း အောင်ရမှတ်စာရင်း**(မူရင်း) (၁)စောင်**။

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြား **( မိတ္တူ ) ( ၁ )စောင်။**

၄။ ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်း ထောက်ခံစာ (မူရင်း)(၁)စောင်။

၅။ အိမ်ထောင်မရှိသူ၊ အပျို/လူပျိုဖြစ်ကြောင်း သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်(သို့) ကျေးရွာအထွေထွေအုပ်ချုပ်ရေးမှူးရုံး(အုပ်ချုပ်ရေးမှူး/အတွင်းရေးမှူး)၏ထောက်ခံစာ **(မူရင်း) (၁)စောင်။**

၆။ ကျန်းမာရေးကောင်းမွန်သူဖြစ်ကြောင်း သက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန/ ကုသရေးဦးစီးဌာန၏ ဆေးထောက်ခံစာ **( မူရင်း ) (၁)စောင်။**

၇။ ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် (သင်တန်းတက်ခွင့်ရရှိပါက) တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာန အကြီးအမှူး၏ ထောက်ခံစာ**( မူရင်း ) (၁)စောင်။**

၈။ လျှောက်လွှာပုံစံနှင့် ကတ်ပြားတွင် လိုင်စင်ဓာတ်ပုံ(၁)ပုံစီ ကပ်ပြီး အပို(၁)ပုံတွဲ၍ ပေးပို့ရမည်။ ( ၆-လ အတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ ဖြစ်ရမည်။ ဓာတ်ပုံ နောက်ကျောတွင် လျှောက်ထားသူအမည်၊ နိုင်ငံသား စိစစ်ရေး ကတ်အမှတ်၊ မိဘ အမည်၊ နေရပ်များ ရေးရမည်။)

**မှတ်ချက်။ ထောက်ခံစာများအားလုံးတွင် ထောက်ခံပေးသူ၏ အမည်၊ လက်မှတ်၊ ရာထူး တံဆိပ်တုံး၊ ရုံး တံဆိပ် ဝိုင်း ပါရှိရမည်။**

၄။ သင်တန်းတက်ခွင့်ရရှိပါက တက္ကသိုလ်/ကောလိပ်/အဝေးသင် တက်နေသူ ဖြစ်လျှင် သင်တန်း ကာလအတွင်း(တက္ကသိုလ်/ကောလိပ်/အဝေးသင်) ပညာသင်ရပ်နားခွင့်ပြုကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်/အကြီးအကဲ၏ **ထောက်ခံစာမူရင်းကို တက်ခွင့်ရမည့် သင်တန်းကျောင်းသို့ ပေးအပ်နိုင်ရမည်။ (သင်တန်းတက်စဉ်ကာလအတွင်း အခြားမည်သည့်လက်မှတ်ရ သင်တန်းမဆို လုံးဝ တက်ခွင့်မပြုပါ)။**

၅။ အောက်ပါအချက်များနှင့်ငြိစွန်းသည့်လျှောက်လွှာကိုရွေးချယ်ရေးလုပ်ငန်း စဉ်တွင် လုံးဝ(လုံးဝ) ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ-

(က) ရှင်းလင်းပီသစွာနှင့် ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသည့် လျှောက်လွှာများ။

(ခ) သတ်မှတ်ချက် စာရွက်စာတမ်း မပြည့်စုံသည့် လျှောက်လွှာများ။

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီး ဌာနသို့ လိပ်မူ၍ လျှောက်ထားခြင်း မရှိသည့် လျှောက်လွှာများ၊ (လျှောက်လွှာစိစစ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်၍)

(ဃ) လျှောက်လွှာ ပိတ်ရက်ထက် နောက်ကျ ပေးပို့သည့် လျှောက်လွှာများ။

၆။ **သင်တန်း တက်ခွင့်ရအမည်စာရင်းများကြေညာခြင်း။**

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း အောက်ပါဌာနများ၌ ကြေညာထားပါမည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန။

(ဂ) တက်ခွင့်ရသည့်သက်ဆိုင်ရာ သင်တန်းကျောင်းများ။

**မှတ်ချက်။ သင်တန်းစတင်ဖွင့်လှစ်ပြီး (၂)ပတ်အတွင်း သတင်းပို့ တက်ရောက်ခြင်း မရှိက သင်တန်းတက်ခွင့် စာရင်းမှ ပယ်ဖျက်မည်ဖြစ်သည်။)**

၇။ သင်တန်းတက်ခွင့်ရရှိပါက တက်ခွင့်ရသည့် သင်တန်းကျောင်းသို့ရောက်လျှင် သင်တန်းကျောင်း၏ **ကျန်းမာရေးစစ်ဆေးရေးကော်မတီမှ ထပ်မံ ကျန်းမာရေး စစ်ဆေးခြင်း၊ အရပ်(၅)ပေပြည့်မီခြင်း ရှိ/ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်မည် ဖြစ်ပြီး ဆေးစစ်ချက် အောင်မြင်မှသာ သင်တန်းတက်ခွင့် အတည်ပြုမည်** ဖြစ်သည်။

၈။ အသေးစိတ်သိလိုပါက အောက်ပါဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး /ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန။

(ခ) နေပြည်တော်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန။ (သူနာပြုဌာန)(ဖုန်း- ၀၆၇-၄၁၁၁၄၈၊ ၄၁၁၁၄၉၊ လိုင်းခွဲ-၈၀၈၊ ၈၃၀)။

**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ကက-၄)၊ ဦးပိုင်အမှတ်(၂၉)၊ (၅၆x၅၇ကြား)၊ သိပ္ပံနှင့်အေလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ခင်ပွန်းဗိုလ်မှူးအုန်းမြင့် (ခ)ဦးအုံးမြင့် ကွယ်လွန်၍အမွေဆက်ခံစာချုပ်အမှတ်(၂၁၁၃/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ကျန်ရစ်သူ ဇနီးဒေါ်အေးအေးကြင်(ခ)အေးအေးကျင် ၅/ဘတလ(နိုင်)၀၀၂၄၂၇ က မြေကွက်၏မြေချမိန့်မူရင်းမှာ အသိမ်းလွန်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တောဂရန်၊ တရားရုံးကျမ်းကျိန်ချက် တို့တင်ပြ၍ တောမှမြို့ပြောင်း၊ အမည်ပြောင်း၊ ဂရန်သက်တမ်းတိုးရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန်နှင့်အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၁၃၄၈)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးဆန်နီလွင်အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မြသန္တာ ၉/အမဇ(နိုင်)၀၀၄၂၅၂ မှ ပျဉ်းမနားမြို့ မြေနေရာချထားရေးကော်မတီ၏မြေကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက် သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှား စာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## လားရှိုးခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၄

ဦးနန်းဝင်း **နှင့်** ၁။ ဦးစိုးကျော်သူ
၂။ ဒေါ်ဆန်ရာ

**တရားလို** **တရားပြိုင်များ**

နမ္မတူမြို့၊ ပန်ဟိုက်ရပ်ကွက်၊ နယ်မြေ(၄)(ယခုနေရပ်လိပ်စာမသိ) ရပ်နေ ဦးစိုးကျော်သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးနန်းဝင်းက မြေကွက်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၁၁ရက်(၁၃၈၅ခုနှစ်၊ဝါခေါင်လပြည့်ကျော် ၁၁ရက်) နေ့ မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက် တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း များနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက် တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၁၁ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်သူမိုး)**
**ဒုတိယခရိုင်တရားသူကြီး**
**လားရှိုးခရိုင်တရားရုံး**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၉)၊ ဦးပိုင်အမှတ်(၈၀)၊ ၆၀(ဘီ)လမ်းနှင့် ၆၁လမ်းကြား၊ ရတနာလမ်းနှင့် အေးသုခ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးမြသန်း PAK-၀၄၉၈၁၀၏ (SP ရသူ ဦးအေးလင်း)က အမည်ပေါက်သူ ဦးမြသန်း၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယား တို့ တင်ပြရမည်ဖြစ်သော်လည်း ၎င်းရမ်း၍မရကြောင်း တင်ပြစာ၊ တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၃၈၉/၂၀၂၃-၂၀၂၄)ဖြင့် တောမှ မြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

---

## ဒါရိုက်တာအဖွဲ့ဝင်ပြောင်းလဲကြောင်းကြေညာခြင်း

JB Capital Myanmar Co., Ltd တွင် ၂၀-၇-၂၀၂၃ ရက်၌ ပြုလုပ်သော ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ဒါရိုက်တာအဖွဲ့ဝင်ဖြစ်သော Mr. Kim Yang Taek၊ Passport no. M05143839 အစား Mr. Shin Jae Jin၊ Passport no.M53509877 အား ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ပြောင်းလဲခန့်အပ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

**JB Capital Myanmar Co.,Ltd**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ် (ဖဖ-၁)၊ ဦးပိုင်အမှတ်(၆၆)၊ ခဲစင်း၊ ၅၄လမ်း၊ မနော်ဟရီလမ်းနှင့် နှင်းဆီလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးထွန်းမြင့် ကွယ်လွန်၍ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၁၇၈၃/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်စောကြည် ၉/မနမ(နိုင်)၀၈၅၈၃၉ ၏ (GPရသူ ဒေါ်ခင်နီလာ) က မြေချထားမိန့် ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရား ရုံးကျမ်းကျိန်ဆိုချက်၊ တောဂရန်စာချုပ်တို့နှင့်အတူ အမှုတွဲအမှတ် (၃၃၇၆/၂၀၂၃-၂၀၂၄) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## "ကျွန်ုပ်၏မိတ်ဆွေဦးအေးမင်းထွန်း၏ လွှဲအပ်ညွှန်ကြားချက် အရ အများသိစေရန် ကြေညာအပ်ပါသည်။"

ဦးအေးမင်းထွန်း(၁၂/ဒဂတ(နိုင်)၀၆၃၈၁၉) နှင့် ဒေါ်ယဉ်ယဉ်ဌေး (၁၂/ကဝန(နိုင်)၁၀၇၈၈၂)တို့သည် (၇-၃-၂၀၀၇ ရက်က နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ် ပေါင်းသင်း လာရာသမီးတစ်ဦးထွန်းကားခဲ့ပါသည်။ (၁၂-၈-၂၀၂၃) ရက်နေ့တွင်၎င်း၏စိတ်ဆန္ဒအတိုင်းဒေါ်ယဉ်ယဉ်ဌေးသည်နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းနှင့်သက်ဆိုင်သည့် မည်သည့်ကိစ္စကိုမဆို ကျွန်တော် ဦးအေးမင်းထွန်းနှင့်လုံးဝ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးအေးမင်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်တင်တင်ဝင်း**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၀၂/၁၀.၅.၂၀၁၀)
၀၉-၇၇၈၅၇၆၁၇၁

---

## အမည်ပြောင်း

ဦးမင်းထွန်း ၈/သရန(နိုင်) ၀၉၇၇၆၉ ၏သား သရက်မြို့၊ အထက(၁) Grade-9 မှ မောင်တူးတူးဇော် အား မောင်ထင်ရှားအောင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21U/7285, BAJAJ RE (200cc) 3W ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းမြတ် ၇/ပခန(နိုင်)၃၇၅၂၄၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သထုံ)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/89861,Honda Wave-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပြည့်ပြည့်လှိုင် ၁၄/ဖပန (နိုင်)၂၀၆၃၇၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဖျာပုံမြို့)**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၄၅)လမ်း၊ တိုက်အမှတ် (၁၈၀/၁၈၂)၊ အခန်းအမှတ်- (မြေညီထပ်) **အမှတ် (၁၈၂)၏**(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၁၂.၅ပေ × ၆၀ပေ)ခန့်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့် ရှိသူများဖြစ်သော ဦးညီညီထွန်း (၁၂/ပဇတ (နိုင်) ၀၀၄၁၉၁) နှင့် ဒေါ်ခင်ဇာသွယ် (၁၂/တမန (နိုင်) ၀၀၃၁၄၃)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးကျော်စိုးဦး**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊လေးကျွန်းဇဗ္ဗူလမ်း၊မြေကွက်အမှတ်(၇၉၈/ခ)၊အကျယ်အဝန်း(၂၀ပေ×၆၀ပေ)ရှိဦးမြအောင်(CF-၀၈၃၂၁၅) အမည်ပေါက်ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူများဖြစ်ကြသည့် (၁)ဒေါ်သူသူမျိုး (၁၂/ရကန (နိုင်) ၀၈၀၉၀၂)နှင့်(၂)ဒေါ်အိသဉ္ဇာလွင်(၁၂/ရကန(နိုင်)၀၈၀၈၆၆) တို့ထံမှကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်လှိုင် **LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)

ဒေါ်သိမ့်သိမ့်ယမင်း **LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၀၈၉၄)

**Ph-09421746974, 09-254332312**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၂၃၉၇၀, Honda Wave-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပိုးအိမွန်ကျော် ၆/လလန (နိုင်)၁၂၁၀၉၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၉၈၅၉၉, Honda Click-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဌေးလွင် ၆/အမရ (နိုင်)၀၉၇၉၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး**
**(မြိတ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/4385, Honda Wave-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစန်းယု ၆/အမရ(နိုင်) ၀၁၁၃၆၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး**
**(မြိတ်)**

# ရွှေမိုးကောင်းကွန်ဒို

မှ

မိုးရာသီ အထူးပရိုမိုးရှင်း

**(25%)** အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။

**FACILITIES** အပြည့်အစုံပါရှိ၍ လူနေထိုင်ခွင့်ကျပြီး

ရန်ကင်းမြို့နယ်၊ အောင်ဇေယျလမ်း နှင့် မိုးကောင်းလမ်းမပေါ်ရှိ

ရွှေမိုးကောင်းကွန်ဒို သို့ အရောက်လှမ်းလာခဲ့ရန်

ဖိတ်ခေါ်ပါသည်။

ဆက်သွယ်ရန်ဖုန်း ၀၉ - ၃၆၁၂၈၈၁၄၊ ၀၉ - ၂၅၄၀၃၄၈၇၁




## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ပြည်တော်သာရပ်ကွက်၊ တိုက်(၇/၇)နေ ဦးစိုးဝင်း၏သား ကျွန်တော် မောင်ဝေယံစိုး ၈/ မကန(နိုင်)၁၄၆၁၀၂ ၏ ယခင် နိုင်ငံကူးလက်မှတ် အမှတ်(ME–889214)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၂၅၀၃၇၀၄၄၂

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ နှောချင်းကျေးရွာနေ ဦးစိုးဝင်း၏သမီး ကျွန်မ မအိအိစိုး ၈/ပဖန(နိုင်)၁၁၇၈၁၁ ၏ ယခင် နိုင်ငံကူးလက်မှတ် အမှတ် (MD–457108)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၇၁၉၁၆၁၉၉

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၆)ရပ်ကွက်၊ တောင်ပူလမ်း၊ အမှတ်(၁၁၈၅/က) (က) နေ ဦးမောင်သန်း ၁၂/သလန(နိုင်)၀၃၃၈၇၀က အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ သီရိပုလဲသွယ်လမ်း၊ အမှတ်(၄၀) မြေကွက်နှင့်ပတ်သက်၍ ဦးမောင်သန်းအား နိုင်ငံတော်စစ်မှုထမ်းဟောင်းများသို့ မြေချပါမစ်အကွက်ချ၍ (ဦးမောင်သန်း အမည်ဖြင့်) ပေးအပ်ထားသည့် မြေကွက်ဖြစ်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်ကျူးကျော်ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ မပြုလုပ်ပါရန်နှင့် ထိုသို့ ပြုလုပ်ခြင်းများတွေ့ရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးမောင်သန်း** | **ဦးအောင်ပြေဦး(LL.B)** |
| | **အထက်တန်းရှေ့နေ(စဉ်–၂၉၄၈၉)** |
| | **အမှတ်(၅၈)ချင်းတွင်းလမ်း၊ (၁၀)ရပ်ကွက်၊** |
| | **ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး** |

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၁၀၉)၊ ရွှေဘိုတပ်အကွက်၊ ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ (၀.၈၄၅)ဧကရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး(ပို့ဆောင်ရေးဝန်ကြီးဌာန) အမည်ဖြင့် မှတ်သားထားရှိသောမြို့မြေ(B)ကို တရုတ်ကပြားဗုဒ္ဓဘာသာ အမျိုးသားများအဖွဲ့ (ကိုယ်စား)ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ ကမ်းနားလမ်းနေ ဦးတင်ထွန်း(ခ)ဦးစိုင်း ဥက္ကဋ္ဌ၊ တရုတ်ကပြားဗုဒ္ဓဘာသာ အမျိုးသားများအဖွဲ့)မှ ဘိုးဘပိုင်မြေအမည် ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ် ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန၊ပုသိမ်မြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်း၊ တိုက်အမှတ်(၇၄/၈၂)၊(၈) ခန်းတွဲ၊ (၈)ထပ်တိုက်၏ အခန်းအမှတ်(၀၀၄)(၇)လွှာနှင့်(၈)လွှာ၊ (၂)ခန်း၊ အကျယ်အဝန်း(၁၅ပေx ၅၀ပေ) စီရှိသော တိုက်ခန်း(၂)ခန်းနှင့် ယင်းတိုက်ခန်းများတွင် တပ်ဆင်ထားရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုလာကြသည့် ဦးသိန်းငွေ ၁၂/လမန(နိုင်)၁၀၁၉၅၅နှင့် ဒေါ်နိုင်နိုင်စိုး ၁၂/ကမတ(နိုင်)၀၀၁၃၈၁တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး၊ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစိန်ဝင်း ( စဉ်–၆၀၈၂ )**
**B.A, H.G.P, C.B.L, D.B.L, D.M.L**
**အထက်တန်းရှေ့နေ၊**
**တိုက်အမှတ်–၃(အေ)၊ ၃–လွှာ(ခေါင်းရင်းခန်း)၊ သပြေညိုလမ်း၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၈၇၉၂၇၁၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၉/သမိုင်း)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်းနှင့် ခိုင်ရွှေဝါလမ်းထောင့်၊ တိုက်အမှတ် (၁၂/က+၁၂/ခ)၊ အိမ်အမှတ်(၁၄/၁၉)၊ အခန်းအမှတ်–(3-I)၊ အကျယ်အဝန်း (၁၁၃၈–စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စုစုမွန် (၁၂/မရက (နိုင်) ၀၅၈၁၀၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇- FMI ၊ မြေကွက်အမှတ်- ၇၁၊ ဧရိယာ- ၀. ၁၄၇ ဧက (၆၃၉၉ စတုရန်းပေ) ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City ၊ ဆောင်းနှင်းသဇင်လမ်း၊ အမှတ်- FG-60 ဟုခေါ်တွင်သည့် ရေ၊ မီး အစုံ (၂) ထပ်နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ အမည်ပေါက်၍ တစ်ဦးတည်းတရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ခင်လွင်မာဝင်း (၁၂/ဗဟန (နိုင်) ၀၈၁၂၂၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ ၏ ညွှန်ကြားချက်အရ–

**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**

တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)

အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဘောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀.၀၅၅ဧကရှိ ဦးမောင်မောင်ကြည်အေး ၁၂/စခန(နိုင်)၀၆၄၁၉၄ (ဘ) ဦးအေးကို အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ် မြေကွက်အမှတ် (ပ–၃၀၁၅၆)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ១၅၅/ ၂၀၂၀ (၁–၉–၂၀၂၀) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်သန်းသန်းငွေ ၉/ပဘန(နိုင်)၁၅၀၈၁၁ (ဘ) ဦးမောင်လွင်မှ ဒေါ်ညီညီတင် ၅/ဟမလ(နိုင်)၀၄၇၈၅၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင် မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ဦးကျော်ဆန်းဝင်း – ဒေါ်အိချိုထွေး တို့၏သမီးနှင့် သားများဖြစ်ကြသည့် မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း Grade–4(B)မှ မနေ့သစ်ဖွေးအား မထက်ထက်ထွန်းဟုလည်းကောင်း၊ Grade–2(P)မှ မောင်ခေတ်သစ်အောင်အား မောင်ဟိန်းပြည့်စုံဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

**မထက်ထက်ထွန်း၊ မောင်ဟိန်းပြည့်စုံ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ ဈေးပိုင်းရပ်ကွက်၊ ရန်ကုန်-ပြည်လမ်းရှိ ကွင်း/ အကွက်အမှတ် A–2 ၊ ရုံးကြီးရပ်၊ ဦးပိုင်အမှတ် ၂၂/ခ ရှိ ဧရိယာ ၁. ၁၄၅ ဧကရှိ အဆောက်အအုံ ဆောက်လုပ်ထားသော မြို့မြေသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ဌာနချုပ်) အမည်ဖြင့် သာယာဝတီခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ် (၁၇၆/၁၉၉၈) အရ (၂၃–၉–၁၉၉၈) မှ (၂၂–၉–၂၀၂၈) အထိ မြေငှားဂရန်စာချုပ် ရရှိထားပြီးဖြစ်သော်လည်း မြေငှားဂရန်စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်စာချုပ်မိတ္တူမှန် ထုတ်ပေးနိုင်ရေးအတွက် လျှောက်ထားခြင်းဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက သာယာဝတီခရိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသို့ ဤကြော်ငြာပါသည့်နေ့ရက်မှ ၁၅ ရက်အတွင်း မြေယာပိုင်ဆိုင်မှု အထောက်အထားများပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူများမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**သိန်းဇော်**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**
**သာယာဝတီခရိုင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းလမ်း၊ ခြံအမှတ်(၈၇၁/ဘီ) အကျယ်အဝန်း (၃၆ပေx၁၁၆ပေ)ရှိ မြေပိုင်မြေကွက်နှင့် ၄င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လူနေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်နေသည့် ဒေါ်အိအိချော ၁၂/အစန(နိုင်) ၀၁၄၃၀၉ က မိမိတစ်ဦးတည်းပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ပြန်လည်ရောင်းချ၍ရပါကြောင်း၊ ပြောဆိုဝန်ခံပြီး ရောင်းချသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးဇော်မြင့်** | **ဦးလှဝင်း (ဥပဒေဘွဲ့)** |
| **၁၂/အစန(နိုင်)၀၂၅၀၈၆** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၀၈၄)** |
| | **အမှတ်–၁၆၂၀(က)၊ ဦးမင်းလမ်း၊** |
| | **(၄၂) ရပ်ကွက်၊ ဒဂုံ(မြောက်)မြို့နယ်၊** |
| | **ဖုန်း– ၀၉–၅၁၁၉၉၆၁၊ ၀၉–၇၉၅၈၇၅၀၃၃** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## မူဆယ်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၁

| | | |
|---|---|---|
| ဒေါ်ကိုင်းရွှင် (၎င်း၏အထွေထွေကိုယ်စားလှယ် မလှရှို) | **နှင့်** | ၁။ ဒေါ်ဝမ်မိတ်ရင် |
| | | ၂။ ဒေါ်ရှောက်ချန်ကျိန်း |
| | | ၃။ ဒေါ်မာလု |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ကွတ်ခိုင်မြို့နယ်၊ ကောင်းခါးကျေးရွာနေ (၂) တရားပြိုင်ဒေါ်ရှောက်ချန်ကျိန်း (ဘ) ဦးရှောက်ယဲ့ကွေနှင့် မူဆယ်မြို့၊ ခရစ်ယာန်ရပ်ကွက်၊ နယ်မြေ(၅)၊ ခ/၃၅၂ နေ (၃)တရားပြိုင် ဒေါ်မာလု(ဘ)ဦးဖော်တူဂမ် (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုဒေါ်ကိုင်းရွှင် (၎င်း၏အထွေထွေကိုယ်စားလှယ်မလှရှို)က ချေးငွေကျပ်(၁၁၈,၀၀၀, ၀၀၀)(ကျပ်သိန်းတစ်ထောင့်တစ်ရာရှစ်ဆယ်တိတိ)နှင့် နစ်နာကြေးငွေကျပ် (၁၀၀,၀၀၀,၀၀၀) (ကျပ်သိန်းတစ်ထောင်တိတိ) စုစုပေါင်းငွေကျပ် (၂၁၈,၀၀၀,၀၀၀) (ကျပ်သိန်းနှစ်ထောင့်တစ်ရာရှစ်ဆယ်တိတိ) ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် (၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်) နေ့မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေလင်းစိုး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မူဆယ်ခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက် အမှတ်(၃)၊ ဦးပိုင်အမှတ်(၅၁–ခ)၊ ၁၉ x ၂၀ လမ်းကြား၊(၆၃x၆၄)လမ်းကြားရှိ ဗိုလ်မှူးသံတိုင်အမည်ပေါက်ခွဲကျန်လိုင်စင်မြေကွက်အား အဘိုး ဦးသံချောင်း၊ အဘွား ဒေါ်ပေါ၊ ဖခင် ဦးပါ၊ မိခင် ဒေါ်ညိုတင်၊ ဦးလေး ဦးသံတိုင် (လူပျိုဘဝ)တို့ ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသော (မြေး/သမီး/တူမ)ဖြစ်သူ ဒေါ်မြမြညို ၁၂/မရက(နိုင်)၀၀၇၃၈၃ က ဦးပိုင်ခွဲမိန့်၊ သေစာရင်း၊တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃/ရန်ပြေ၊ မြေကွက်အမှတ်- ၃၀၉ က/ခ၊ ဧရိယာ-ပေ (၂၅x၅၀)၊ မြေကွက်တည်နေရာ-အမှတ်(၄၇)၊ အာဇာနည်လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ (၁)ဦးမောင်ညို ၁၂/သကတ(နိုင်)၀၄၀၉၆၃၊ (၂)ဦးမန်းနီး ၁၂/တမန(နိုင်)၀၃၉၃၅၂ အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးမောင်ညို၊ ဦးမန်းနီး တို့အား တရားပြိုင်ထားကာ ဦးမိုးဆွေမှ တရားလိုပြုလုပ်၍ သာကေတမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ်(၆၈/၂၀၂၂)ဖြင့် ကတိပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် ၁၂-၁-၂၀၂၃ ရက်စွဲပါ စီရင်ချက်ဒီကရီ၊ တရားမဇာရီမှုအမှတ်(၆/၂၀၂၃)ဖြင့် ဘိလစ်ခန့်အပ်သည့် ၇-၃-၂၀၂၃ ရက်စွဲပါ တရားရုံး နေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ သာကေတမြို့နယ် တရားရုံး၏ ၇-၃-၂၀၂၃ ရက်စွဲပါ စာအမှတ် (၁၈၃-၆/၂၀၂၃)ဖြင့် ဒေါ်မိုးပပမျိုးအား ဘိလစ်ခန့်အပ်ပြီးကြောင်း ဌာနသို့ အကြောင်းကြားသည့်စာ၊ ဘိလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ တရားရှုံးကိုယ်စား ဘိလစ်ဒေါ်မိုးပပမျိုး ၁၂/ဥကတ(နိုင်)၁၄၈၈၅၇ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ် ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၂၄)ရပ်ကွက်၊ ရွှေယင်းမာ (၄)လမ်း၊ အမှတ် (၉၃၇)၊ (၂)ခန်းတွဲ RC(၆)ထပ် အဆောက်အအုံ၏ ဒုတိယထပ်(၃လွှာ)(တိုက်ကိုမျက်နှာမူလျှင် လက်ဝဲဘက်ခြမ်းအခန်း)၊ အခန်း အမှတ်(A-3)၊ ဧရိယာ(၉၁၈)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးရဲပြည့်စိုးလှိုင် ၁၂/ဗတထ(နိုင်)၀၃၈၀၄၁ ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဒေါ်နေနွယ်တင်ဦး ၁၂/အလန(နိုင်)၀၄၂၆၅၈ က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာ ပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်း များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဒေါ်နေနွယ်တင်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သူဇာကျော်**
**LL.B,D.B.L,D.I.L, D.I.P.L,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၂၆)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၇/၂)ရပ်ကွက်၊ လူနေရပ်ကွက်အမှတ်(ရွှေပင်လုံ)ရောဝဏ်လမ်း၊ မြေကွက်အမှတ်(၂၆)၊အကျယ်အဝန်း ၀ ဒသမ ၁၄၂ ဧက၊ (၆၀x၁၀၃)ပေ၊ (၆၁၈၈)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၆)၊ လမ်းသွယ်(၃)၊ (၂၇)ရပ်ကွက်၊ ပင်လုံနှင်းဆီအိမ်ရာ (Rose Garden)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ (၂)ထပ် နေအိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်အေးအေးခိုင် ၁၂/တမန(နိုင်)၀၆၈၅၆၈ မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးသန်းစိုး ၁၂/ဗဟန(နိုင်)၀၀၃၇၅၈၊ ဒေါ်ယဉ်မင်းမြတ် ၁၄/ပသန(နိုင်) ၁၉၅၄၁၃ တို့ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ထိ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်ပန်းမွှေး |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၁၆၃၉၇/၂၀၁၉) |

**တိုက်(၄)၊ အခန်း(၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၅၅၃၄၇၅၃ ၊ ၀၉-၇၅၀၃၉၈၄၀၆**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်- ၂၁၊နည်းဥပဒေ-၂၂)**
**ရေနံ့ချောင်းမြို့နယ်တရားရုံးတော်၌**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၇ နှင့် ဆက်နွယ်သည့်**
**၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၉**

| | | |
|---|---|---|
| မနှင်းနှင်းအောင် (၎င်း၏အခွင့်ရကိုယ်စားလှယ် မသီတာလွင်) | နှင့် | ၁။ ဦးအောင်ကို ၂။ ဒေါ်နွယ်နွယ်ဝင်း |
| (တရားနိုင်) | | (တရားရှုံးများ) |

ရေနံ့ချောင်းမြို့၊ ညောင်လှရပ်ကွက်၊ ဆိပ်သာကွန်းထောက် တိုးချဲ့ ရပ်နေ ၁။ ဦးအောင်ကို ၂။ ဒေါ်နွယ်နွယ်ဝင်း(ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်-၆၇ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်နှင်းနှင်းအောင်(၎င်း၏အခွင့်ရ ကိုယ်စားလှယ် မသီတာလွင်)က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်း တစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ သင်ကိုယ်တိုင် ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် (၁၃၈၅ ခုနှစ် ဝါခေါင်လဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

**(သဲသဲဆုဆုမိုး)**
**မြို့နယ်တရားသူကြီး**
**ရေနံ့ချောင်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် (၁၂/က)၊ ဧရိယာ ပေ(၂၀x ၆၀)၊ မြေကွက်တည်နေရာအမှတ်-၁၂/က၊ ရှုခင်းသာလမ်း၊ ၈ ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမောင်မောင်(ခ)ဦးမျိုးမြင့်၁၂/သကတ (နိုင်)၀၅၃၂၈၈၊ ဒေါ်ခင်အုန်းမြင့် ၁၂/သကတ(နိုင်)၀၅၂၅၈၇ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်-ဦးမောင်မောင် (ခ)ဦးမျိုးမြင့် ၁၂/သကတ (နိုင်) ၀၅၃၂၈၈ (ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ကျန်အမည်ပေါက် တစ်ဦးလည်းဖြစ်သူ ဒေါ်ခင်အုန်းမြင့်၁၂/သကတ(နိုင်)၀၅၂၅၈၇ မှ ကွယ်လွန်သူ ခင်ပွန်း ဦးမောင်မောင်(ခ)ဦးမျိုးမြင့်၏ တစ်ဦးတည်းသော တရားဝင်ဇနီး ဖြစ်ကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်း ဥပဒေတို့အရ မိမိသာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ မိမိမှလွဲ၍အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ ထောက်ခံ ကျမ်းကျိန်လွှာ(၂)စောင်၊ ဦးမျိုးမြင့်၏သေဆုံးမှုလက်မှတ်၊ ဂရန်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား လာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိရှိနိုင်စေရန်ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်နံပါတ်(၇၀)၊ ဦးပိုင်အမှတ်(၁) ဘိုးဘပိုင်မြေကွက်၏ အလယ်ခြမ်းဖြစ်သော (၅၀x၅၅)ပေ အကျယ်အဝန်းရှိ မြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်ထိုက်၊ ဒေါ်အေးသာတို့ထံမှ ကျွန်တော် ဦးဝင်းသန့်က အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ ၂၅–၈–၂၀၂၃ ရက် နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေး အကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးမောင်ထိုက်၊ ဒေါ်အေးသာနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းသန့် (ဘ)ဦးစိုးလွင် ၉/မရမ(နိုင်)၀၈၆၅၇၅**
**အမှတ်(ဇ–၃၂)၊ အကွက်အမှတ်(တ–၇)၊ မြို့သစ်(၁)**
**ရပ်ကွက်၊ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း–၀၉–၄၄၄၀၂၅၀၉၆**

## ပျောက်ဆုံးကြောင်း

ကျွန်မ မအေးစန္ဒာ (ဘ) ဦးအဆူအူဆောင်၏ ပတ်စ်ပို့နံပါတ် A–325024 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၇၄၅၅၃၀၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သက်ဦး(၉/တသန(နိုင်)၂၁၀၃၉၁)၏နိုင်ငံကူးလက်မှတ်နံပါတ် ME-348664 မှာပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၆၉၈၀၁၉၈၉၀

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အမက မုပွန်အိုးရုံ၊ Grade–3 တန်းမှ မဆောင်းသဇင်၏ ဖခင်အမည်မှန်မှာ ဦးကျော်လွင်ဟိန်း ၇/ရဘန(နိုင်)၂၁၃၁၇၉ ဖြစ်ပါကြောင်း။

**ဦးကျော်လွင်ဟိန်း**

## အမည်မှန်

ကျိုက်မရောမြို့၊ ရန်မျိုးအောင်ရပ်ကွက်နေ (ဘ) ဦးဝင်းနိုင်ဦး ၁၀/ကမရ(နိုင်)၀၆၂၇၇၆ ၏သမီး အလက၊ အထရံကျောင်း Grade–3 မှ မကေသွယ်၏ အမည်မှန်မှာ မခွာညိုရွှန်းလဲ့ခင် ဖြစ်ပါကြောင်း။

**မခွာညိုရွှန်းလဲ့ခင်**

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ အထက(ရွှေကျင်)ကျောင်း Grade–3 မှ မောင်စိုးမိုးနိုင်၏ မိခင်အမည်မှန်မှာ ဒေါ်ဟေမာလင်း ၇/ရကန (နိုင်) ၀၈၈၅၇၄ ဖြစ်ပါကြောင်း။

**ဒေါ်ဟေမာလင်း**

## ပျောက်ဆုံးကြောင်း

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ စက်သားဟောင်း ကျေးရွာတွင်နေထိုင်သူ ဦးမောင်ကျော်ချေ ၁၁/မဥန(နိုင်)၀၉၁၂၆၀ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၅၁၉၆၉၃၁**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ အထက (လက်ပန်) Grade–10 မှ မောင်မြင့်မြတ်မောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးကို ၈/ဆပဝ(နိုင်) ၀၈၀၅၈၁ ဖြစ်ပါကြောင်း။

**ဦးမျိုးကို**

## ပျောက်ဆုံးကြောင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဆင်ကူးလမ်းရပ်ကွက်နေ (ဘ) ဦးစံကျော်ဖြူ၏သား ဦးလှမောင်သာ ၁၁/စတန(နိုင်)၀၇၃၃၁၄၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၅၈၂၅၀၉၀၆**

## မွေးသက္ကရာဇ်အမှန်

တပ်ကုန်းမြို့နယ်၊ ခြုံကြီးကျေးရွာနေ (ဘ) ဦးမောင်မောင်စိန်၏သမီး ဒေါ်နန်းနွယ် ၉/တကန(နိုင်)၀၂၇၈၆၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀–၄–၁၉၆၇ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ ဒဂုံရွှေမျှား (၂)လမ်း၊ မြေကွက်အမှတ် (၈၇၀)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးပုလိန် (BSN– ၀၆၄၃၃၀) အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၈၇၁)နှင့်ကပ်လျက် (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးခန့်လင်း (၁၂/ဗတထ (နိုင်) ၀၄၁၂၀၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်အေးအေးမူ** |
| **LL.B, D.B.L, D.I.L.,** | **LL.B, D.B.L., M.A. (Business Law)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၇၀၉)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၃၁၁ ၅၁၀၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ထ–၄၃)၊ (၁၆)ရပ်ကွက်၊ ချင်းတွင်းရွှေပြည်လမ်း၊ မြေကွက်အမှတ်(၈၄/ခ)ဟုခေါ်တွင်သော မြေအလျားxအနံပေ(၂၀x၆၀)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် မြေချပါမစ်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်အောင် ၁၂/အစန(နိုင်)၀၄၉၃၂၅ ထံမှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဗိုလ်တေဇ ၁၂/ရကန(နိုင်)၀၂၉၇၇၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းနိုင် ၁၂/မရက(နိုင်)၁၁၂၉၀၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်တွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း–၀၉–၄၅၀၀၃၅၀၇၀**

## အမည်ပြောင်း

သံတွဲမြို့၊ အထက–၂ ကျောင်း G–10 မှ (ဘ)ဦးမောင်မောင်စိုး၏ သမီး မထက်ထက်စိုးအား မဝေဝေလွင်ဟု ပြောင်းလဲခေါ်ပါရန်။

**မဝေဝေလွင်**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ပင်လောင်းမြို့၊ အ.ထ.က(၁) Grade–8မှ(ဘ)ဦးရွှေအိုး၏သမီး မသဲစုလတ်၏ အမည်မှန်မှာ ဒေါ်နန်းသူဇာစိုး ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ် အမှန်မှာ ၁၃–၈–၂၀၁၀ဖြစ်ပါသည်။

**နန်းသူဇာစိုး**

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ အ.ထ.က(တပ်နယ်) ကျောင်း Grade–10 မှ မခင်သီတာကျော်၏ မိဘအမည်မှန်မှာ ဦးသိန်းစိုး ၅/မရန(နိုင်)၀၂၈၈၅၁–ဒေါ်တင်မိုးဟန် ဖြစ်ပါ ကြောင်း။

**ဦးသိန်းစိုး–ဒေါ်တင်မိုးဟန်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထူးဟန် ငြိမ်းချမ်း ၁၂/ရကန(နိုင်)၀၇၉၂၉၅၏ နိုင်ငံကူးလက်မှတ်အမှတ် MD–701601 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၇၈၀၀၅၀၄၀**

## အမည်ပြောင်း

No(21)၊ ရတနာလမ်း၊ ၃ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေ (ဘ)ဦးအောင်နိုင်စိုး ၅/ယမပ(နိုင်) ၀၆၁၈၃၉၏ သမီး I.C.E.C ကိုယ်ပိုင်အထက်တန်းကျောင်း Grade–2 မှ မရွှေဥတ္တရာအောင်အား မဥတ္တရာအောင်ဟု ပြောင်းလဲခေါ်ဆိုရန်။

## အမည်ပြောင်း

ရမည်းသင်းမြို့၊ အမှတ်(၅)မြို့မ အခြေခံပညာအထက်တန်းကျောင်း (ဘ) ဦးမိုးသီဟ၏သား Grade–9 အောင်မြင်သူ မောင်တည်ခန့်လင်းအား မောင်ထူးမြတ်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ထူးမြတ်လင်း**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ဒလမြို့နယ်၊ ညောင်ငုတ္တိကျေးရွာ၊ ကွင်းအမှတ်(၂)၊ ငါးတံတရာ၊ ဦးပိုင်အမှတ်(၁၁၄)၊ မြေကွက်အမှတ်(၁၄၂)၊ ဧရိယာ ၀ ဒသမ ၀၆၅ ဧကရှိ ဦးအောင်မြင့် ၁၂/တတန(နိုင်)၀၄၆၉၆၇ အမည်ပေါက် နှစ်(၁၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆)၊ ဇေယျာမင်းလမ်း၊ ညောင်ငုတ္တိရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော နေအိမ်တို့အား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ နူးမာမက်(ခ) ဦးသန်းလှိုင် ၁၂/လမန(နိုင်)၀၄၃၆၂၄ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်ခင်မြတ်ချစ် ၁၁/ရသတ(နိုင်)၀၀၀၅၃၃ နှင့် ဦးကျော်ငြိမ်း ၁၁/မတန (နိုင်)၀၁၅၁၃၃ တို့က အပြီးပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဘူမောင်(LL.B) (စဉ် – ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်–၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၁၈၀၀၇၊ ၀၉–၅၁၁၅၉၉၀၊ ၀၉–၅၁၈၃၅၆၉**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၅၇)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်ခွဲတိုက်၏ ၄–လွှာ(တတိယထပ်)၊ (တိုက်ရှေ့မျက်နှာမူလျှင်–ညာဘက်)၊ အကျယ်အဝန်း(၁၇x၅၂)ပေရှိ Lift ပါကွန်ဒိုတိုက်ခန်းအား ကန်ထရိုက်တာအနေဖြင့် အကျိုးခံစား ခွင့် ရရှိပြီး ရောင်းချပိုင်ခွင့်ရှိသူ Nature Home Makers Construction Co.,Ltd၏ Director ဦးမင်းကျော်သူ ၇/သကန(နိုင်) ၀၈၃၃၂၀ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မင်းမင်းအေး ၁၂/ဥကတ(နိုင်)၀၀၀၂၂၆ က အပြီးပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်အား အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဘူမောင်(LL.B) (စဉ် – ၂၂၇၄၇)၊ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်–၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၁၈၀၀၇၊ ၀၉–၅၁၁၅၉၉၀၊ ၀၉–၅၁၈၃၅၆၉**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၁၅၊ မြေကွက်အမှတ်–၅၉၊ မြေအမျိုးအစား–ဦးတင်ငွေ အမည်ပေါက် ပါမစ်မြေ၊ အလျား ၄၀ပေxအနံ ၆၀ပေ အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၅၉၊ ငုဝါလမ်း၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ဟု ခေါ်တွင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ် စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးစိန်မင်း(ဘ)ဦးကျော်အောင် ၁၂/သခန(နိုင်)၀၈၀၇၂၈ ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ သည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးစိုးမင်းထိုက်(စဉ်–၄၀၃၂၇) အထက်တန်းရှေ့နေ**
**အမှတ်– ၉/၁၁၊ အခန်းအမှတ်– ၁၀၂/ဘီ (ပထမထပ်)၊ ၃၆ လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၀၁၇၇၆၈၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)

## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်

## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်–၄၆

| | | |
|---|---|---|
| ဒေါ်အေးသဲမာ | **နှင့်** | ဦးကျော်သန်းထိုက် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၈ ရပ်ကွက်၊ အုတ်လှုငယ်လမ်း၊ အမှတ်(၁၈၅)နေ ဦးကျော်သန်းထိုက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက သင့်အပေါ်၌ ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် (၁၃၈၅ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်း များနှင့်သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းစန္ဒာဦး)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)

## မူဆယ်ခရိုင်တရားရုံးတော်

## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၂

| | |
|---|---|
| ဒေါ်လှရှို နှင့် | ၁။ ဒေါ်ဝမ်မိတ်ရင် |
| | ၂။ ဒေါ်ရှောက်ချန်ကျိန်း |
| **တရားလို** | **တရားပြိုင်များ** |

ကွတ်ခိုင်မြို့နယ်၊ ကောင်းခါးကျေးရွာနေ (၂)တရားပြိုင် ဒေါ်ရှောက်ချန်ကျိန်း (ဘ)ဦးရှောက် ယွဲ့ကွေ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်လှရှိုက ချေးငွေကျပ် ၃၇၀၀၀၀၀၀၀ (ကျပ်သိန်းသုံးထောင့်ခုနှစ်ရာတိတိ)နှင့် နှစ်နာကြေးငွေကျပ် ၁၀၀,၀၀၀,၀၀၀ (ကျပ်သိန်းတစ်ထောင်တိတိ)စုစုပေါင်း ငွေကျပ် ၄၇၀၀၀၀၀၀၀(ကျပ်သိန်းလေးထောင့်ခုနှစ်ရာတိတိ)ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် (၁၃၈၅ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေလင်းစိုး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မူဆယ်ခရိုင်တရားရုံး**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်ခိုင်ရတနာကျော် ၇/ပခန(ပြု)၀၀၀၁၅၉နှင့် ဦးဇင်ဦး ၇/ပခန (နိုင်)၂၂၉၂၁၈ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၁၇–၇–၂၀၂၃ ရက်တွင် တရားရုံးတော်၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်း မေးမြန်းခြင်းသည်းခံပါ)**

**ဒေါ်ခိုင်ရတနာကျော်**
**၇/ပခန(ပြု)၀၀၀၁၅၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မင်းကံကြီးအုပ်စု၊ အောင်စေတနာ (က)ရပ်ကွက်၊ (၈)လမ်း၊ မြေကွက်အမှတ်(၆၇၇)ဟုခေါ်တွင်သော ဒေါ်ခင်အေးမြင့် အမည်ပေါက် အလျားပေ၆၀xအနံ ပေ၄၀ အကျယ်အဝန်းရှိ အိမ်ဝိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမျိုးချစ် ၈/မကန(နိုင်)၁၄၁၄၁၃ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ပိုင်ရေးဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှ စတင်ပြီး ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးရဲထိုက်အောင်(LL.B. LLM)**
**တရားလွှတ်တော်ရှေ့နေ၊ (စဉ်–၁၇၁၅၅/၂၁)**
**အမှတ်(၆၄၅)၊ အဝေရာလမ်း၊ အောင်မေတ္တာ(ဃ)ရပ်၊ မကွေးမြို့။**
**ဖုန်း–၀၉–၉၅၄၃၄၅၅၅၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပင်းယ(၁၀)လမ်း၊ (၅) ရပ်ကွက်၊ အမှတ်(၁၆၃/က+ခ)၊ (၃)ခန်းတွဲ RC(၅)ထပ်တိုက်၏ ပထမထပ်(၂လွှာ)/(ဘီ) (အလယ်ဘက်ခြမ်းအခန်း)၊ ဧရိယာ(၆၇၅)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးလင်းထက်အောင် ၁၂/အလန(နိုင်)၀၄၂၈၆၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဖြူနှင်းပွင့် ၁၂/ပဘတ(နိုင်)၀၃၃၂၇၃ က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဖြူနှင်းပွင့်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သူဇာကျော် LL.B, D.B.L, D.I.L, D.I.P.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၅၂၆)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၆၅၆၀၂၂၉၀**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ရှောက်ချောင်းကျေးရွာအုပ်စု၊ ကွမ်းသီးချောင်းကြီးကျေးရွာနေ ကျွန်တော် ဦးဇော်ဝင်း ၁၄/မမက(နိုင်)၁၂၇၇၁၇နှင့် ကျွန်မ ဒေါ်ခင်စန်းဝေ ၁၄/မမက(နိုင်) ၁၂၇၄၃၆တို့၏ သားကြီး မောင်နိုင်လင်းထွန်း ၁၄/မမက(နိုင်)၂၀၄၄၉၉သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

| | |
|---|---|
| **ဦးဇော်ဝင်း** | **ဒေါ်ခင်စန်းဝေ** |
| **၁၄/မမက(နိုင်)၁၂၇၇၁၇** | **၁၄/မမက(နိုင်)၁၂၇၄၃၆** |
| **မော်လမြိုင်ကျွန်းမြို့** | **မော်လမြိုင်ကျွန်းမြို့** |

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သိန်းတစ်ရာလမ်းမကြီး၊ အပိုင်(၃)၊ ရွာသာကြီး (၁၅၂)ရပ်ကွက်၊ အမှတ်(၄၇)နေ ဦးလှဦး ၈/ခမန(နိုင်)၀၀၈၅၁၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိရှိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ သိန်းတစ်ရာလမ်းမကြီး၊ အပိုင်(၃)၊ ရွာသာကြီး (၁၅၂)ရပ်ကွက်၊ အမှတ်–(၄၇)၊ အလျား၄၇ပေ၊ အနံပေ ၄၀ ရှိ ဦးသန်းဦးအမည်ပေါက်ထံမှ ဦးလှဦးမှ ဝယ်ယူထားပြီး ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရရှိသူ ဦးသန်းဦးမှ နှစ်ဦးသဘောတူအဆင့်ဆင့် အဆက်ဆက်အရောင်းအဝယ် ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတို့တစ်ဦးသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူကလည်း အပြီးအပိုင်ဝယ်ယူခဲ့ပြီး လက်ရောက်ရယူခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဤမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ထွေးထွေးဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၇၂၇)**
**အမှတ်(၂၁၆၄/ခ)၊ မဟာဗန္ဓုလလမ်း၊ (ထ/၁၆)ရပ်ကွက်၊ ရွှေပြည်သာ။**
**ဖုန်း–၀၉–၄၂၀၀၆၆၇၆၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလလမ်း၊ အမှတ်(၂၆၁)(က)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဇင်မာထွန်း ၁၂/လမန(နိုင်)၁၂၄၂၉၆ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးတိုးဝေယံလွင် ၁၂/လကန(နိုင်)၁၈၇၃၀၆က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅–လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၃၀၂၆၁၉၉၊ ၀၉–၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မင်းကံကြီးအုပ်စု၊ အောင်စေတနာ (ခ)ရပ်ကွက်၊ (၆)လမ်း၊ မြေကွက်အမှတ်(၃၅၅)၊ ဟုခေါ်တွင်သော ဦးကံထွန်း အမည်ပေါက် အလျားပေ၆၀xအနံ ပေ၄၀ အကျယ်အဝန်းရှိ အိမ်ဝိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ခင်မေစီ ၈/မကန(နိုင်) ၀၃၄၀၉၂ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။အရောင်းအဝယ်အားပိုင်ရေးဆိုင်ခွင့်ရှိ၍ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှ စတင်ပြီး ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးရဲထိုက်အောင် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ၊ (စဉ်–၁၇၁၅၅/၂၁)**
**အမှတ်(၆၄၅) အဝေရာလမ်း၊ အောင်မေတ္တာ(ဃ)ရပ်၊ မကွေးမြို့။**
**ဖုန်း–၀၉–၉၅၄၃၄၅၅၅၆**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အောက်ဖော်ပြပါ Commercial Area များနှင့် လုပ်ငန်းများကို အိတ်ပိတ်တင်ဒါစနစ်ဖြင့် အငှားချထားခြင်း ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အဆိုပြုလွှာများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

( က ) ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်ရှိ ရွှေမိုးကောင်း အဆင့်မြင့်အိမ်ရာစီမံကိန်း Tower-J မြေညီထပ် Commercial Area

( ခ ) အလုံမြို့နယ်၊ ကမ်းနားလမ်းရှိ Shwe Zabu River View Complex မြေညီထပ်နှင့် ပထမထပ်ရှိ Commercial Area

( ဂ ) ရွှေပြည်သာမြို့နယ်၊ ဘုရင့်နောင်လမ်းနှင့် ပုလဲလမ်းကြား၊ သီရိမင်္ဂလာပတ်လမ်း၊ သာသာယာယာ ရွှေပြည်သာရှိ ရေကူးကန်၊ ဖူဆယ်အားကစားကွင်းနှင့်စားသောက်ဆိုင်လုပ်ငန်း

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၈-၂၀၂၃ ရက်မှ ၈-၉-၂၀၂၃ ရက်ထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ ၁၂ ၁/၂ ထပ်ရုံး၊ ၈-လွှာ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၂ - ၉ -၂၀၂၃ ရက်

၅။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ ဖုန်း - ၀၉-၈၉၁၈၀၃၀၆၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြရတနာဈေးတွင် အောက်ဖော်ပြပါပုဂ္ဂိုလ်(၃)ဦးသည် အရပ်ကတိစာချုပ်ဖြင့် ဆိုင်ခန်းများအား ဝယ်ယူခဲ့ပြီး ဆိုင်ခန်းမှတ်ပုံတင်စာအုပ် အသစ်ထုတ်ယူခွင့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ခိုင်လုံသောမူရင်းစာရွက်စာတမ်း အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရေန် ကြေညာအပ်ပါသည်။

| စဉ် | ရုံးအမှတ် | ဆိုင်အမှတ် | ပြေစာအမည်ပေါက် | မှတ်ပုံတင်အမှတ် | စာချုပ်ရက်စွဲ | စာအုပ်နံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ၅ | ၂ | ဒေါ်မြမြဝင်း | ၁၁/စတန(နိုင်)၀၀၀၄၀၂ | ၃၁-၇-၂၀၂၂ | N-49433 | |
| ၂ | ၅ | ၃ | ဒေါ်မြမြဝင်း | ၁၁/စတန(နိုင်)၀၀၀၄၀၂ | ၃၁-၇-၂၀၂၂ | N-49434 | |
| ၃ | ၆ | ၂၅ | ဒေါ်ဘေဘီတင် | ၁၂/လမန(နိုင်)၀၈၇၇၇၈ | ၃-၈-၂၀၂၃ | N-49375 | |

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ဈေးတာဝန်ခံ၊ မြရတနာဈေး**
**ဖုန်း-၀၉-၇၉၁၃၁၃၃၄၂**

## ပတ်စ်ပို့ပျောက်

နောထေက်ရဲအေး (ဘ)ဦးကြူအေး ၁၄/ဝခမ(နိုင်)၂၂၃၂၀၄၏ နိုင်ငံကူးလက်မှတ် နံပါတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးရန်။

**ဖုန်း-၀၉-၉၅၅၉၅၉၅၂၈**

## ဖခင်အမည်မှန်

ဘိုကလေးမြို့နယ်၊ ကြိမ်ချောင်းကြီးကျေးရွာ၊ အထက်တန်းကျောင်း Grade 6 မှ မောင်ကောင်းမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးစံသင်း ၁၄/ဘကလ(နိုင်)၂၈၅၇၄၂ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၇/စ)၊ ဦးပိုင်အမှတ်(၁၆)၊ (၆၉x၇၀ကြား)၊ ပိတောက်xသဇင်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူဇနီး ဒေါ်ရှောက်ကျိန် ကွယ်လွန်၍ အမွေဆက် စာချုပ်အမှတ် (၃၄၃၅/၂၀၂၂)ဖြင့် ကျန်ရစ်သူ ခင်ပွန်း ဦးလျူတက်ကွမ်း(ခ) ဦးအောင်နိုင်(ခ)ဦးလျူထယ်ကွမ်းက အမွေဆက်ခံခဲ့ပြီး၊ ဖခင်ဖြစ်သူ ဦးလျူတက်ကွမ်း(ခ) ဦးအောင်နိုင်(ခ) ဦးလျူထယ်ကွမ်း ၁၃/လရန(နိုင်)၀၉၂၇၆၄ ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ် (၂၆၁၉/၂၀၂၃)ဖြင့် ပေးကမ်းခြင်းကို လက်ခံသူ(သား) ဦးထင်ရှမ်း ၉/ခမစ(နိုင်)၀၂၇၀၉၂ က မြေကွက်၏ ဂရန်စာချုပ်မူရင်းမှာ အသိမ်းလွန် ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန် သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်ပျောက် လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမ္ဘာ့ရတနာဘဏ်တွင် အစုရှယ်ယာ(၄၀)စုပိုင်ဆိုင်သော ဦးမြင့်ဆွေ ၁၂/ဗတထ(နိုင်)၀၀၈၂၂၈ ၏ အစုရှယ်ယာလက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် ရှယ်ယာလက်မှတ်မိတ္တူထုတ်ယူရန်အတွက် လျှောက်ထားလာခြင်းအား မူရင်းရှယ်ယာလက်မှတ် လက်ဝယ်ကိုင်ဆောင်ထားသူ မည်သူမဆို ကန့်ကွက်ရန်ရှိပါက ကမ္ဘာ့ရတနာဘဏ်ဘဏ္ဍာရေး စီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဘဏ်လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးမြင့်ဆွေ ၁၂/ဗတထ(နိုင်)၀၀၈၂၂၈**
**ကမ္ဘာ့ရတနာဘဏ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဏ/၄၀)၊ မြေကွက်အမှတ်(၁၁၀/က+ခ)၊ ဝင်္ဂဘာလမ်းဟုခေါ်တွင်သော အကျယ် အဝန်း(ပေ၄၀x ပေ၆၀)ပါမစ်မူရင်းမြေပေါ်ရှိ နှစ်ထပ်တိုက်၊ ၉ ခန်းတွဲအဆောင်နှင့် တစ်ထပ်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးဝင်းမြင့် MDN ၀၀၀၇၉၂-ဦးထွန်းဦး ၇/ကတခ(နိုင်)၀၀၇၄၀၀ အမည်ဖြင့် ချထားပေးသော ပါမစ်မြေမူရင်းခြမ်းများဖြစ်ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်ကြောင်း ဝန်ခံ၍ ဦးသန်းနိုင်ဦး ၉/လဝန(နိုင်)၀၀၈၀၉၂ က ရောင်းချပိုင်ခွင့်ရှိကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤပါမစ်မြေမူရင်းခြမ်း (ပေ၄၀xပေ၆၀) အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ဝေ(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၈၃၇၄)**
**အခန်း(၂၀)၊ တိုက်(၁၁)၊ ၃၀-ရပ်ကွက်၊ ဆောင်းဟေမာန်အိမ်ရာ၊ မ/ဒဂုံ**
**ဖုန်း-၀၉-၄၂၁၀၃၆၈၈၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(၁၅၆)၊ အလျားxအနံ (၅၀ပေx၁၂ပေ) မြေညီထပ် ခေါင်းရင်းခန်း၊ နေအိမ်တိုက်ခန်း အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ဦးခင်မောင်ထွေး ၁၂/မဘန(နိုင်)၁၀၉၇၀၅ မှ ၄င်းအပြည့်အဝပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေကတိုက်ခန်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအေးဖေ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၄၅၇/၂၀၀၇)**
**တိုက်(၂၆/၄)၊ အခန်း(၁၀၂)၊ သုနန္ဒာ(၁)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်။**
**ဖုန်း-၀၉-၅၀၆၃၁၂၀၊ ၀၉-၄၄၃၀၀၄၅၉၁**

## ကန့်ကွက်နိုင်ပါကြောင်း

တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ရောင်းချသော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (၁၆)ရပ်ကွက် (ရွာမအနောက်)၊ ဖန်ချက်စက်လမ်း၊ မုဒိတာအိမ်ရာ(၂)၊ အခန်းအမှတ် 2A- 583 တိုက်ခန်းအား ဦးဇော်ဝင်း (ဘ)ဦးဘိုအေး ၁၂/ကတတ(နိုင်)၀၁၇၇၆၅ မှ တော်ဝင်မိသားစု ဆောက်လုပ်ရေးကုမ္ပဏီထံတွင် ဝယ်ယူ၍ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ဦးဇော်ဝင်းသည် ၉-၈-၂၀၂၂ ရက်တွင် ကွယ်လွန်ခဲ့သောကြောင့် ယင်းတိုက်ခန်းကို ၄င်း၏ ဇနီးဖြစ်သူ ကျွန်ုပ်၏အမှုသည် ဒေါ်ခင်ခင်ဌေး (ဘ)ဦးသောင်းရွှေ ၁၂/ကတတ(နိုင်)၀၁၇၇၆၆ ၏ ဆက်ခံခွင့်အမည်ပြောင်းလျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၂)ပတ်အတွင်း တော်ဝင်မိသားစု ဆောက်လုပ်ရေးကုမ္ပဏီတွင်လည်းကောင်း၊ ကျွန်ုပ်ထံတွင်လည်းကောင်း စာရွက်စာတမ်း(မူရင်း)အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေစုနိုင် (LL.B),(D.I.L),(D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၆၀၁၁)(၂၉-၅-၂၀၁၅)**
**၂ အေ-၁၆၇၊ မြေညီထပ်၊ မုဒိတာအိမ်ရာ(၂) (၁၆)ရပ်ကွက်(ရွာမအနောက်)၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၉၅၄၉၉၇၈၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၈) မြေကွက်အမှတ် (၅၆၃) အကျယ်အဝန်း ပေ (၄၀ x ၆၀) ရှိ မြေကွက်အား အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဝင်းဝင်းမော် ၁၀/မလမ(နိုင်)၀၁၂၅၃၉ ထံမှ ကျွန်ုပ် ဦးရှိုင်းဝေယံထက် ၈/ရနခ(နိုင်)၁၀၃၉၃၈ နှင့် ဒေါ်ဝေနှင်းလွင် ၈/ခမန(နိုင်)၁၃၅၁၉၈ မြေကွက်ပိုင်ဆိုင်မှု ဂရန်မူရင်းစာရွက်စာတမ်းဖြင့် တည်ရှိနေသော ဤမြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးရှိုင်းဝေယံထက်**
**ဖုန်း-၀၉-၇၇၇၁၉၉၉၉၂၊ ၀၉-၉၆၉၁၄၈၁၄၈**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၁ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် - ၈၃

ဦးဝင်းအောင်ဖြိုး **နှင့်** ၁။တာဝန်ခံမန်နေဂျာ၊ Mytel ဆက်သွယ်ရေးရုံးခွဲ
၂။ ဦးဘအောင်
၃။ ဦးခင်မောင်ကြည်
၄။ ဦးအောင်ဘိုဦး

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

လျှောက်ထားခံရသူများ ၁။တာဝန်ခံမန်နေဂျာ Mytel ဆက်သွယ်ရေးရုံးခွဲ ၂။ ဦးဘအောင် စိန်ရတနာပဒေသာကုမ္ပဏီလီမိတက်၊ အမှတ်(၂၂၇/၂) ဒေါင်းမင်းလမ်း၊ အကွက်(၁၄) တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာများမသိ) သိစေရမည်။

အထက်အမည်ပါဦးဝင်းအောင်ဖြိုးက ဤရုံးသို့ (ယခင်)မန္တလေးခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်-၄၆၀/၂၀၁၉ တွင် ၂၅-၆-၂၀၂၁ ရက်စွဲပါ (၄) တရားပြိုင် ဦးအောင်ဘိုဦးအား အမှုသည်အဖြစ်မှ ဖယ်ထုတ်ခဲ့သော အမိန့်ကို ပြင်ဆင်ချမှတ်ပေးရန် လျှောက်ထားလာသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် (၁၃၈၅ ခုနှစ် ဝါခေါင်လကွယ်)နေ့ မွန်းမတည့်မီ (၁၀) နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်၏ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရွှေဒီဇင်ဘာအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၇+၈)၊ ၁၈ x၁၉ လမ်းကြား၊ ၆၃ x ၆၄လမ်းကြားရှိ မတင့်အမည်ပေါက် အခလွတ်ဂရန်မြေကွက်အား ဒေါ်တင့်(အပျိုကြီးဘ၀)၊ (ဖခင်)ဦးထွန်းအေး (မိခင်) ဒေါ်စိန် (သား)ဦးထွန်းရင်(သမီး)ဒေါ်ခင်မကြီးတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၃၉၇၇/၂၀၁၆)ဖြင့် ဒေါ်အမာတင်၊ ဒေါ်ခင်မျိုး၊ ဦးမြင့်သန်းတို့က အမွေဆက်ခံခဲ့ပါသည်။ အမွေဆက်ခံသူများအနက် ဦးမြင့်သန်း ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၁၀၃၉/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်အမာတင် ၉/မနမ(နိုင်)၀၈၃၈၉၇၊ ဒေါ်ခင်မျိုး ၉/မရမ(နိုင်)၀၀၉၅၃၁၊ ဒေါ်မျိုးသီတာအေး ၉/မနတ(နိုင်)၁၀၁၆၆၆ က မိမိကိုယ်တိုင်နှင့် ဒေါ်သူဇာမြင့် ၉/မနတ(နိုင်)၀၀၄၃၃၇၊ ဒေါ်နီလာမြင့် ၉/မနတ(နိုင်)၁၀၁၆၆၇ တို့၏ (GP ရသူ ဒေါ်မျိုးသီတာအေး)တို့က အခလွတ်ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်တို့နှင့်အတူ အမှုတွဲအမှတ်(၃၃၆၇/၂၀၂၃-၂၀၂၄)ဖြင့် အမျိုးအစားပြောင်း၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၃၈၆/၅၃၈)၊ နန်းဦးလမ်းပေါ် အောင်မြင့်ကျော်လမ်းနှင့်မေဃဝန်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြင့် ၉/မနတ(နိုင်) ၁၆၆၁၇၁ က သက်တမ်းတိုး လျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံနှင့်စိစစ်၍ ဂရန်မိတ္တူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည် ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၇+၈)၊ ဦးပိုင်အမှတ်(၁၁၂)၊ ၃၉ x ၄၀ လမ်းကြား၊ ၆၇x၆၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်းဗိုလ် ၁၃/လရန(နိုင်)၀၁၀၀၆၈ ၏ (GP ရသူ ဒေါ်ခင်စန်း) က အမည်ပေါက်သူ ဦးဝင်းဗိုလ်၏ မှတ်ပုံတင်နှင့်အိမ်ထောင်စုဇယားတို့ တင်ပြရမည်ဖြစ်သော်လည်း ၄င်းရှာမရကြောင်း တင်ပြစာ၊ ဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၃၆၁/၂၀၂၃-၂၀၂၄) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်(၂၁-က)၊ ၃၉x၄၀ လမ်းကြား၊ ၅၇x၅၈လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းဆန်း၏ (GP ရသူ ဒေါ်ခင်စန်းဝေ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၂၃/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ယုဝါစိုး ၉/အမဇ(နိုင်)၀၁၁၈၈၄၊ ဒေါ်ဆုနန္ဒာစိုး ၉/အမဇ(နိုင်)၀၃၄၉၃၉ တို့က မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်းတို့မှာ လက်ဝယ်တွင် အသိမ်းလွန်ပျောက်ဆုံးကြောင်း(ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး)ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်စာချုပ်တို့နှင့်အတူ အမှုတွဲအမှတ် (၃၃၆၆/၂၀၂၃-၂၀၂၄) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၆)၊ ဦးပိုင်အမှတ်(၅၇)၊ ၆၈ လမ်းနှင့် ၆၉ လမ်းကြား၊ ပျူစောထီးလမ်းနှင့်ဝေသာလီလမ်းကြားရှိ ဒုတပ်ကြပ်မြင့်နိုင်အမည်ပေါက်တောဂရန်မြေကွက်အား ဦးမြင့်နိုင် ၉/မနမ(နိုင်)၀၈၄၄၅၉ ၏ (SP ရသူ ဒေါ်ရွှေးရွှေး) က အမည်ပေါက်သူ ဦးမြင့်နိုင်၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားမူရင်းတို့ တင်ပြရမည်ဖြစ်သော်လည်း ၄င်းရှာမရ၍ မရကြောင်း တင်ပြစာ၊ တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၃၄၃/၂၀၂၃-၂၀၂၄) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ရွှေပဒေသာလမ်း၊အမှတ်(၉၅၈)နေ ဒေါ်ငွေငွေငြိမ်း ၁၂/ဒဂရ(နိုင်) ၀၀၆၄၄၁၊ ဒေါ်ဖြူဖြူသန့် ၁၂/ဒဂရ(နိုင်)၀၀၈၃၂၅ နှင့် ဦးလင်း ၁၂/ဒဂရ(နိုင်)၀၃၂၀၃၅ တို့၏လွှဲအပ်ညွှန်ကြားချက်အရ -

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြို့နယ်၊ မြေတိုင်းအမှတ်(၁၁)၊ မြေကွက်အမှတ်(၈၅၀)၊ အကျယ်အဝန်းပေ(၂၀x၆၀)ရှိ ပါမစ်မြေကွက်နေအိမ်မှာ ရန်ကုန်မြို့တော် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာန၌ ဦးမောင်မောင်စိုး (CG048919) အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်နေအိမ်ဖြစ်ပါသည်။ အထက်ပါမြေကွက် နေအိမ်အား ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်း ရောင်းချသူဒေါ်သင်းသင်းမာ ၁၂/ဒဂတ(နိုင်)၀၆၅၁၄၅ မှ ကိုယ်တိုင်ဝန်ခံကတိပြုပြောဆိုလျက် ကျွန်ုပ်၏မိတ်ဆွေများမှလည်း ဖော်ပြပါ ပါမစ်မြေကွက်နေအိမ်အား အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ပါမစ်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံပိုင်ဆိုင်သည့်မူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ-**
**(၁) ဒေါ်ငွေငွေငြိမ်း ၁၂/ဒဂရ(နိုင်)၀၀၆၄၄၁**
**(၂) ဒေါ်ဖြူဖြူသန့် ၁၂/ဒဂရ(နိုင်)၀၀၈၃၂၅**
**(၃) ဦးလင်း ၁၂/ဒဂရ(နိုင်)၀၃၂၀၃၅**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇင်အိ (စဉ်-၈၉၃၉)**
**LL.B, D.B.L, D.A.Psy**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၉၆)ဗိုလ်စောနောင်လမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၀၁၀၁၅၉၊ ၀၉-၄၅၅၀၇၈၇၁၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BB/9621 Toyota Corolla Fielder, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်စိန် ၁၂/ဥကတ(နိုင်)၀၂၇၆၂၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## အမည်မှန်

ဦးမောင်လောင်း ၁/မမန(နိုင်) ၀၀၅၀၀၇ ၏သမီးဖြစ်သူ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် မိုးမောက်မြို့နယ်၊ ဒေါ့ဖုန်းယန်မြို့ အထက (ဒေါ့ဖုန်းယန်) Grade-5 မှ မအိအိလျှန်း၏ အမည်မှန်မှာ မအိအိသျှမ်း ဖြစ်ပါကြောင်း။

**မအိအိသျှမ်း**

## ဖခင်အမည်မှန်

ဖျာပုံခရိုင်၊ ဖျာပုံမြို့၊ အထက (၄) Grade-12မှ မသီရိရွှေစင်နှင့် မအူပင်တက္ကသိုလ် တတိယနှစ်မှ မောင်ကောင်းဆက်အောင် တို့၏ ဖခင်အမည်မှန်မှာ ဦးငွေအောင် ၁၄/ဖပန(နိုင်)၀၉၃၉၃၂ ဖြစ်ပါကြောင်း။

**ဦးငွေအောင်**

## ဖခင်အမည်မှန်

ဖျာပုံမြို့နယ်၊ အထက (ကျုံကဒွန်း) ကျောင်း၏ Grade -12မှ မမြတ်သဇင်စိုး၏ ဖခင်အမည်မှန်မှာ ဦးသံချောင်း ၁၄/ဘကလ (နိုင်) ၃၀၀၁၈၉ ဖြစ်ပါကြောင်း။

**ဦးသံချောင်း**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ ရပ်ကွက်(၁၂)နေ မောင်ထက်အောင်စံ ၁၃/လရန (နိုင်) ၂၁၈၈၀၀ ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်ဝင်း ၁၃/လရန(နိုင်) ၀၀၆၃၇၀ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့နယ်၊ မကျီးကုန်းမြောက်ရွာနေ ဦးငြိမ်းမောင်၏သား ဦးမြင့်နိုင်ဦး ၉/တသန(နိုင်) ၀၉၆၀၂၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၄-၁၉၇၂ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/98888 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Kaung Lat Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ သဃ်န်းဒေါင့်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၈၇)၊ မြို့ရိုးကွင်း၊ ဦးပိုင်အမှတ် (၁၀၉/၇)၊ ဧရိယာ ၀ ဒသမ ၉၈ ဧကရှိ အဆောက်အအုံမြေအား ဦးစိုးတင့် အမည်ဖြင့် မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၁၄)ရက်အတွင်း သက်ဆိုင်ရာဌာနရုံးသို့ ပိုင်ဆိုင်မှု အထောက်အထား နှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်း။

**ဦးစိုးတင့်**
**၁၄/ရကန(နိုင်)၀၁၄၅၁၁**
**အညာတန်း၊ နေဝင်းရပ်ကွက်၊**
**ရေကြည်မြို့၊**
**ဖုန်း- ၀၉-၂၅၀၇၄၆၈၉၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် မဟာဗျူဟာမြောက်စီမံကိန်း၊ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့၊ ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ (၁) ရုံ တည်ဆောက်ခြင်းလုပ်ငန်းအား Turnkey စနစ် ဖြင့် လုပ်ငန်းအပ်နှံခြင်းအား မြန်မာကျပ်ငွေ (Kyat) ဖြင့် လုပ်ငန်းအပ်နှံလိုပါသည်-

**တင်ဒါပိတ်မည့်ရက်** - ၁၈-၉-၂၀၂၃ ရက်
**တင်ဒါပိတ်မည့်အချိန်** - မွန်းတည့် (၁၂ : ၀၀) နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်း ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်မှမြေဧရိယာ ၀ ဒသမ ၁၆၅ ဧကရှိ မြေကွက်အမှတ်(ဥ-၆၀၃၅)၏ နှစ်(၃၀)မြေငှားစာချုပ်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးကောင်းမြတ်မျိုး ၁၂/သကတ(နိုင်)၁၅၇၆၈၃ (ဘ) ဦးမျိုးနိုင်မှ မြေငှားစာချုပ်မူရင်း ပျောက်ဆုံးကြောင်းတင်ပြ၍ မြေငှားစာချုပ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားမှုအား ဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ်ပေးမည်ဖြစ်ပါ၍ မူလကထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ် ဥတ္တရသီရိ/သစ်-၇၄/၂၀၁၃-၂၀၁၄ ဦးကောင်းမြတ်မျိုး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မူရင်းကို မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၇၃

ဒေါ်စုစုကလျာ **နှင့်** ဒေါ်ဇင်နွယ်ဝင်း
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံ မြို့နယ်၊ ယာဉ်ပျံရပ်၊ ၅၉ လမ်း၊ ၂၇-၂၈ လမ်းကြားနေ ဒေါ်ဇင်နွယ်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စုစုကလျာက "အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးပါရန်နှင့် ယခင်မန္တလေးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-(၉၅/၂၀၁၇)အမှုတွင် ဒေါ်ဇင်နွယ်ဝင်းမှ သက်သေခံ(ခ၊ ဂ၊ ဃ)ဖြင့် တင်သွင်းထားသော ၁၀-၉-၂၀၁၄ရက်စွဲပါ တိုက်ခန်းကြိုရောင်း ကတိစာချုပ်၏ မူရင်းစာရွက်စာတမ်းများအား ပြန်လည်ထုတ်ယူခွင့်ပြုစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် (၁၃၈၅ ခုနှစ် ဝါခေါင်လဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းမင်းထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မဟာအောင်မြေခရိုင်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ (၁)လမ်း၊ တိုက်(၂)၊ ပထမထပ်(ဝဲ)တွင် နေထိုင်သော (ဘ) ဦးကြည်၏သမီး ဒေါ်ညိုညိုဝင်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၂-၈-၁၉၆၂ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဒေါ်ပြည့်ဖြိုးဆွေ ၉/ပမန (နိုင်)၁၅၈၄၉၁ (ဘ) ဦးချစ်ဆွေအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက် အမှတ်(ပ-၃၂၉၅၂ ဘီ)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၇၇၅/၂၀၂၁(၂၇-၁၀-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်အေးအေးသန်း ၉/ပမန (နိုင်) ၀၁၇၇၃၉ (ဘ) ဦးတင်လှမှ ဒေါ်ခိုင်ခိုင်မင်း ၉/မနမ(နိုင်)၁၀၈၀၁၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၈-၂၀၂၃ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၃)ပါ ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့၏ ယာဉ်အမှတ် 3H/1087 ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်းကြော်ငြာတွင် ဦးမောင်မောင်သန့်အစား ဦးမောင်မောင်သန်း ၁၂/သဃက(နိုင်)၀၁၈၃၄၂ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4S/7007 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 7W/47462 ယာဉ်လက်ဝယ်ရှိသူ ဦးနန်းရီ ၂/ဒမဆ(နိုင်)၀၉၉၂၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လှိုင်ကော်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 64W/23061 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးခွန်စိန်ထွေး ၁၃/ညရန(နိုင်)၁၁၀၀၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 35W/5319 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းနိုင် ၉/ဝတန(နိုင်) ၁၁၆၁၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/6590 Nissan NAVARA, Pick up(4x4)L Double Cab ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်သာတိုး ၁၂/အစန(နိုင်) ၁၈၅၄၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် (၆၆/၁)တွင် ဖွင့်လှစ်ထားသော MD Bank (PCL) သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိလိုက်နာစေနိုင်ရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက် (အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီလီမိတက်) သည် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်တွင် Mineral Development Public Company Limited (Registration No 102383451) ဖြင့် တရားဝင်မှတ်ပုံတင်ထားရှိပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဘဏ်လုပ်ငန်းလိုင်စင်အမှတ်-(မဗဘ/ပဘ-၂၆/၀၇/၂၀၁၈)အရ ဘဏ်ဥပဒေနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ လုပ်ထုံးလုပ်နည်းများ ညွှန်ကြားချက်များနှင့်အညီ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ၎င်းနှင့်ဆက်စပ်သော ဝန်ဆောင်မှုလုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

MD Bank
Encourage your prosperity

ကျွန်ုပ်တို့ သတ္တုဖွံ့ဖြိုးရေးဘဏ် (MD Bank) သည် ၂၀၁၆ ခုနှစ်မှစတင်၍ တိကျမှန်ကန်သော ဘဏ်တစ်ခုအဖြစ်ရပ်တည်နေပြီး ယနေ့အထိ ကောင်းမွန်သောဂုဏ်သတင်းများဖြင့် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်ပါသည်။ ယခုအခါတွင် ဘဏ်၏အောင်မြင်ကျော်ကြားမှုကို အခွင့်ကောင်းယူကာ အမည်၊ အမှတ်တံဆိပ်၊ စာတမ်းအမှတ်အသား၊ အဖွဲ့အစည်း၏ လှုပ်ရှားမှုရုပ်ပုံ (ဓာတ်ပုံ)များကို ဘဏ်၏ခွင့်ပြုချက်မရှိဘဲ MD Bank ၏ ဝန်ဆောင်မှုရယူသော အများပြည်သူများအား ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဘဏ်၏အမှတ်တံဆိပ်ကိုဖြစ်စေ၊ အမှတ်အသားအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ အဖွဲ့အစည်းလှုပ်ရှားမှုရုပ်ပုံ (ဓာတ်ပုံ၊ ဗီဒီယိုဖိုင်၊ ပုံသဏ္ဍာန်တူ)များကိုမှီငြမ်း၍ အီလက်ထရွန်နစ် နည်းပညာနှင့် ဆက်သွယ်ရေးနည်းပညာများကို အသုံးပြု၍ (Facebook/ Viber/ Telegram /Skype/TikTok) တို့တွင် Account အတုများ၊ Facebook page အတုများဖြင့် မိမိကိုယ်ကျိုးအတွက် ငွေကြေးလိမ်လည်ခြင်းများ၊ အလွဲသုံးစားပြုခြင်းများ၊ ဆင်တူယိုးမှား ပြုလုပ်ခြင်း၊ အတုအပပြုလုပ်ခြင်း (သွယ်ဝိုက်၍ပြုလုပ်ခြင်း)၊ ဘဏ်အဖွဲ့အစည်းတွင် သက်ဆိုင်သယောင် လိမ်လည်အသုံးပြုခြင်းများမပြုလုပ်ကြရန် အထူးအသိပေး ကြေညာအပ်ပါသည်။ လက်ရှိအသုံးပြုထားသူများရှိနေကြောင်း သိရှိရသည့်အတွက် အထက်ပါအချက်များအသုံးပြုခြင်းအား အမြန်ဆုံးဖျက်သိမ်း၍ ချက်ချင်းရပ်ဆိုင်းစေရန် အသိပေး တားမြစ်ပါသည်။ အဆိုပါလုပ်ဆောင်ချက်များသည် သတ္တုဖွံ့ဖြိုးရေးဘဏ် (MD Bank)နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အများပြည်သူများ သိရှိနိုင်စေရန် အသိပေးအကြောင်းကြား ကြေညာအပ်ပါသည်။

အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမပြုဘဲ ဆက်လက်ပြုလုပ်သုံးစွဲနေပါက ဘဏ်၏အကျိုးစီးပွား ထိခိုက်နစ်နာမှုအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဘဏ်၏ထိခိုက်နစ်နာမှုအဝဝတို့ကို ဆောင်ရွက်သူထံသို့ ဥပဒေနှင့်အညီ တိုက်ရိုက်တရားစွဲဆို တောင်းခံသွားမည်ဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**MD bank ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ထွေးစုလှိုင် (LLB,D.B.LD.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၅၁၇)**
**အမှတ်(၃၆)၊ ကျားကွက်သစ်လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၂၆၆၂၃၂၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ လူနေရပ်ကွက်အမှတ်(၄၆)၊ မင်္ဂလာသုခလမ်း၊ မြေကွက်အမှတ်(၁၀၁၀)၊ အကျယ်အဝန်း(၄၁ပေ × ၆၀ပေ)ရှိ ဒေါ်သက်ရှည်(AE-၁၄၇၆၅၀)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိပ်ရသေးသော(ခြေရင်းခြမ်း)အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အိအိမွန်(၁၀/ အလန(နိုင်)၁၀၉၈၄၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဇော်မျိုးနိုင်** လွှဲအပ်ညွှန်ကြားချက်အရ- **ဦးတင်ကိုလှိုင်**
LL.B, D.B.L LL.B
**အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃)** **အထက်တန်းရှေ့နေ(စဉ်-၅၀၅၈၂)**
အမှတ်(၇၂/ မြေညီ)၊ ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၂၅၀၂၉၀၇၈၁၊ ၀၉ ၂၅၀၉၇၁၇၂၉

## ကောင်းခေတ်စံကုမ္ပဏီနှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီလမ်း၊ တိုက်အမှတ် (၇၇၄) တွင် တည်ထောင်ဖွင့်လှစ်ထားသော ကောင်းခေတ်စံကုမ္ပဏီကို တည်ထောင်ဖွင့်လှစ်ထားသူ ဒေါ်တင်ဝါဝါအောင် ၈/ပဖန(နိုင်)၁၁၉၈၅၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်-

